# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday , 21 November 2016 (၈၇၅၂)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျှက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်းဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင်ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကိုးရက်တိုင် ဝယ်ယူနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ပြီး ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတသည် ယနေ့နံနက် ၉ နာရီတွင် မဏိရတနာ ကျောက်စိမ်းခန်းမသို့ရောက်ရှိလာပြီး ပြည်ထောင်စုဝန်ကြီးများအတူ မြန်မာ့ကျောက်မျက်ရတနာပြပွဲသမိုင်းမှတ်တမ်း၊ ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရန် ဆောင်ရွက်ခဲ့မှုနှင့် ကျောက်စိမ်း၊ ကျောက်မျက် ခင်းကျင်းပြသထားရှိမှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဏိရတနာကျောက်စိမ်းခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်ရတနာများ၊ အောက်ထပ်အရောင်းဆိုင်များ၌ ရောင်းချရန်ပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုအားပေးကြသည်။

၂၀၁၆ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့မှစ၍ နိုဝင်ဘာ ၂၉ ရက် အထိ ကျင်းပသွားမည်ဖြစ်ရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ရန်ကုန်မြို့ မြစ်ကြောင်းတစ်လျှောက်ပြေးဆွဲမည့် Water Taxi အတွက် တင်ဒါခေါ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ မြစ်ချောင်းများအတွင်း အကောင်အထည်ဖော်မည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးစနစ်ကို လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်းတစ်လျှောက် အကောင်အထည်ဖော်နိုင်ရန် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူမှု စတင်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း Water Taxi စနစ် အကောင်အထည်ဖော်ရန် ယခုနှစ်အတွင်း ကျွမ်းကျင်ပညာရှင်များနှင့် ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ယခုလက်ရှိ တင်ဒါစတင်ခေါ်ယူလိုက်ပြီဖြစ်ကာ နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ လျှောက်ထားမှုများ ပြုလုပ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကွင်းဆင်းလေ့လာမှုတွေ လုပ်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အပြင် သက်ဆိုင်ရာဌာနက တာဝန်ရှိသူတွေနဲ့ ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်တို့က ပြင်ပပညာရှင်တွေပါဝင်ပြီး ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုစွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းတို့မှာ အကြိမ်ကြိမ်လေ့လာဆောင်ရွက်ခဲ့ပါတယ်။ လှိုင်မြစ်ကြောင်းတစ်လျှောက်မှာ ခရီးသည် ၅၀ ကနေ ၁၀၀ တင်ဆောင်နိုင်တဲ့ ရေယာဉ်တွေနဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**ပွဲကိုင်ရှင်များ၏အရည်အချင်းကို မြှင့်တင်ပေးကြပါစို့**

စာမျက်နှာ - ၆

**မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်**

စာမျက်နှာ - ၁၁


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## တိုင်းပြည်ကို ဝိုင်းဝန်းထူထောင်

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ယနေ့လူပြောများလာသောအရာမှာ ငွေကြေးဖောင်းပွမှု ဖြစ်သည်။ ငွေကြေးဖောင်းပွမှုသည် နိုင်ငံခြားငွေမြင့်တက်လာခြင်းနှင့်သက်ဆိုင်နေပြီး ကုန်ဈေးနှုန်းတက်ခြင်းနှင့်ပါ ဆက်နွှယ်လာသည်။ ကုန်ဈေးနှုန်းတက်ခြင်းမှာ ရွေ့လျားလာသော အချိန်ကာလအလျောက် တစ်စတစ်စမြင့်တက်လာခြင်းဖြစ်ပြီး ကုန်ဈေးနှုန်းကျအောင်ပြုလုပ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

ကုန်ဈေးနှုန်းတက်ခြင်းမှာ အခြေအနေအကြောင်းအရပ် အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ပြည်သူပြည်သားများ ဝင်ငွေနှင့်ထွက်ငွေ မမျှသောအခါ ကုန်ဈေးနှုန်းတက်သည့်ဒဏ်ကို ခါးကော့အောင်ခံရတော့သည်။ ကုန်ဈေးနှုန်းတက်ခြင်းမှာ ဌာနများအားလုံးသာမက စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများနှင့်လည်း သက်ဆိုင်ပြီး အစိုးရအနေဖြင့်မူ ထိန်းကျောင်းပေးရန် တာဝန်ရှိသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေအဆိုပြုတင်ပြချက် အနှစ်ချုပ်အရ ၁၁ ဒသမ ၆၈ ရာခိုင်နှုန်း ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ယင်းသည် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သည်။ သို့ဖြင့် ငွေကြေးဖောင်းပွမှု ကျဆင်းအောင် ပြုလုပ်ရမည်ဖြစ်သော်လည်း သိသာစွာ လျော့ကျအောင် လုပ်ဆောင်နိုင်မည်မဟုတ်ချေ။ ဥပမာ ဆန်ဈေးနှုန်းကို လွန်ခဲ့သည့် ၁၀ နှစ်တာကာလက တစ်ပြည် ကျပ်တစ်ထောင်အောက် ကျဆင်းအောင် လုပ်ဆောင်မည်ဆိုလျှင် ယခုလက်ရှိ လယ်သမားများ စပါးစိုက်၍ရမည့် အခြေအနေပင် ရှိနိုင်မည်မဟုတ်ချေ။

ငွေကြေးဖောင်းပွမှုသည် ရောင်းလိုအား၊ ဝယ်လိုအားနှင့်သက်ဆိုင်နေသလို အမေရိကန်ဒေါ်လာဈေး အတက် အကျနှင့်သက်ဆိုင်နေသည်။ အမေရိကန်ဒေါ်လာဈေးမှာ လွန်ခဲ့သည့်နှစ်များကတည်းက တစ်စတစ်စ တက်လာခြင်းဖြစ်ပြီး ကျပ်တစ်ထောင်အောက်မှ ယခု ကျပ် ၁၃၀၀ ကျော် တက်လာသည်။ ဒေါ်လာဈေးတက်မှုမှာ မြန်မာတစ်နိုင်ငံတည်းမဟုတ်ဘဲ အခြားနိုင်ငံများလည်း ခံစားနေရပြီး အင်ဒိုနီးရှားနိုင်ငံတွင် ၂၈ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၁၆ ရာခိုင်နှုန်း၊ ထိုင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင် ခြောက်ရာခိုင်နှုန်းစီ ဒေါ်လာဈေးတက်လျက်ရှိသည်။

အမှန်တကယ်တွင် လက်ရှိမြန်မာကျပ်ငွေ တန်ဖိုးကို ထိန်းချုပ်ရန် လိုအပ်ပေသည်။ တစ်ဖက်တွင် ပို့ကုန်များကို တိုးချဲ့တင်ပို့နိုင်အောင် ကြိုးစားကြပြီး သဘာဝဘေးဒဏ်နှင့် မကြုံတွေ့ခဲ့ရပါက စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ကာ ရောင်းလိုအားများပြီး ထွက်ကုန်ပြန်လည်ဦးမော့လာကာ ငွေကြေးဖောင်းပွမှုဖိအား လျော့ကျလာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ငွေကြေးဖောင်းပွခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းမှာ ပြဿနာ အရင်းခံမဟုတ်ဘဲ တိုင်းပြည်စီးပွားတိုးတက်လာအောင်သာ လုပ်ဆောင်ရမည်ဖြစ်သည်။ သာမန်ရိုးရှင်းစွာတွေးကြည့်မည်ဆိုလျှင် ကုန်ပစ္စည်းတစ်ခုကို ရောင်းသူကများပြီး ဝယ်သူကနည်းနေလျှင် ကုန်ဈေးနှုန်းကျဆင်းမည်သာဖြစ်သည်။ ရောင်းသူနည်းပြီး ဝယ်သူများနေလျှင် ကုန်ဈေးနှုန်းတက်မည်သာဖြစ်သည်။ ထို့ကြောင့် ကုန်ဈေးနှုန်းတက်ခြင်း၊ ကျခြင်းသည် ပြည်သူများနှင့်တိုက်ရိုက် သက်ဆိုင်နေပြီး ပြည်သူများအနေဖြင့် မဖြစ်မနေ ဝယ်ယူရမည့်ကိစ္စမှတစ်ပါး ရငွေနှင့်ထွက်ငွေ မျှတစွာသုံးစွဲကာ ခြိုးခြံချွေတာ သုံးစွဲကြရန်လည်းလိုသည်။

အဓိကမှာ ပြည်သူများဝင်ငွေတိုးအောင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုသလို စီးပွားရေးအခွင့်အလမ်းများနှင့် လုပ်သာကိုင်သာရှိရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် အလုပ်အကိုင်များကို အလွယ်တကူ လုပ်ကိုင်နိုင်ရန်ဖန်တီးပေးရန်နှင့် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးရန်လိုမည်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြေလျှော့ပေးခြင်း၊ အခက်အခဲဖြစ်ပေါ်နေသော အခြေအနေများတွင် ဝင်ရောက်ဖြေရှင်းပေးခြင်းဖြင့် စီးပွားတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကုန်ဈေးနှုန်းတက်မှု၊ ငွေကြေးဖောင်းပွမှု လျော့ကျရေးအတွက် အစိုးရတစ်ရပ်နှင့်အတူ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်စီးပွားပြန်လည်ဦးမော့အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

# (၂၇)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အခမ်းအနား ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂၀**

လွိုင်ကော်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ကိန္နရာကျေးလက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း (KRSDO)၊ Save the Children International နှင့် World Vision အဖွဲ့တို့ ပူးပေါင်း၍ (၂၇)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်အထိမ်းအမှတ်နေ့ (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်ကော်မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကိန္နရာကျေးလက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း (KRSDO) တာဝန်ခံ ဦးငွေးရယ်က ကမ္ဘာ့ကလေးများနေ့ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ World Vision Loikaw ၏ စီမံကိန်းဧရိယာရှိ ကလေးသူငယ်အဖွဲ့က ကယန်းအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး (၂၇)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အထိမ်းအမှတ်နေ့ (ကမ္ဘာ့ကလေးများနေ့) အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို လွိုင်ကော်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်ပြီး လွိုင်ကော်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှုကြိုမှ ရင်သွေးငယ်များက သနပ်ခါးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်၍ **(အပေါ်ပုံ)** လွိုင်ကော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ယင်းနောက် World Vision Loikaw ၏ စီမံကိန်းဧရိယာရှိ ကလေးသူငယ်အဖွဲ့က ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဗဟန်းမြို့နယ် စာရေးဆရာအသင်းမှ ဒုတိယအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် စာအုပ်လှူဒါန်းပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဗဟန်းမြို့နယ် စာရေးဆရာအသင်းမှ ဒုတိယအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဗဟန်းမြို့နယ်စာရေး ဆရာအသင်း ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်း ကိုကိုလေး)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ပြီး ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)က အဖွင့်အမှာစကားပြောကြားကာ အတွင်းရေးမှူး ဦးမောင်ချစ် (မောင်ချစ်သူရဲသမိန်)က မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဗဟန်းမြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များနှင့် စလင်းမြို့နယ် မြေနုကျေးရွာ အလင်းသစ်စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းပြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသန္တာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဒေါ်နီနီ (နီနီ မြန်မာစာ)က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**




## နောင်ပေါင်-မန်နောင် ကျေးရွာချင်းလမ်းပြုပြင်မှု ကြည့်ရှုစစ်ဆေး

**မိုးမောက် နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းဖြင့် နောင်ပေါင်-မန်နောင် ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင်မြေသားဖို့ပြုပြင်ခြင်းနှင့် ပန်ချိုးဟိုင်- နောင်ပေါင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၁ သန်းဖြင့် Slab Culvert သုံးစင်းတည်ဆောက်လျက်ရှိရာ ဗန်းမော်ခရိုင်ကျေးလက်ဒေသမှ ခရိုင်မှူး ဦးသောင်းညွန့်နှင့် မြို့နယ်တာဝန်ရှိသူများက နိုဝင်ဘာလ ဒုတိယပတ်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းများ ပြီးစီးသွားပါက ပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂)ခေါင်းကြီးတွင် **ဂျပန်လွှတ်တော်** အစား **ဂျာမန်လွှတ်တော်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန္တလေး ၀၂-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၇၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၇၅

## ပြည်တွင်းရေးရာ

**❖ ရွှေဖုံးမှ**

ကျောက်မျက်အတွဲ ၄၃၉ တွဲကို နိုဝင်ဘာ ၂၀ မှ ၂၁ ရက်အထိလည်းကောင်း၊ ကျောက်စိမ်းအတွဲ ၅၉၈၈ တွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိလည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ပြသထားသည့် ကျောက်မျက်အတွဲများမှ အခြေခံဈေး ယူရိုငွေ ၅၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၂၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ထို့အတူ ကျောက်စိမ်းအတွဲများမှ အခြေခံဈေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✱ ရန်ကုန်မှ**

ငမိုးရိပ်ချောင်းတစ်လျှောက်မှာ ခရီးသည် ၃၅ ဦးကနေ ၆၀ ကြား တင်ဆောင်နိုင်တဲ့ ရေယာဉ်တွေနဲ့ ပြေးဆွဲနိုင်ဖို့ကို လျာထားပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ Water Taxi လုပ်ငန်းအတွက် အဆိုပြုလွှာ လျှောက်လွှာပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအခန်း(၂၁၆)တွင် ဒီဇင်ဘာ ၂၀ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ကာ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ရွေးချယ်သွားမည်ဟု ၎င်းကပြောသည်။

မြစ်ချောင်းများအတွင်း အကောင်အထည်ဖော်မည့် အဆိုပါ သယ်ယူပို့ဆောင်ရေးစနစ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်သောစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပြီး လျှပ်စစ်ရထားစီမံကိန်းကဲ့သို့ ရပ်နားလိုက်ရသည့် ဖြစ်စဉ်မျိုးမဖြစ်စေရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ပြောကြားထားသည်။

မြစ်ကြောင်းသွား ရေယာဉ်ပို့ဆောင်ရေး ဆောင်ရွက်ပါက စည်းကမ်းချက်များ စနစ်တကျ ချမှတ်ကြပ်မတ်ရန် လိုအပ်မည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထားဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့ခံများက အကြံပြုကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့မှုများအရ ရန်ကုန်မြစ်နှင့် လှိုင်မြစ်တွင် လှိုင်သာယာမှ ပန်းဆိုးတန်းခရီးစဉ်၌ ဆိပ်ကမ်း ခုနစ်ခု၊ ငမိုးရိပ်ချောင်း၌ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ညောင်တန်းအထိ ခရီးစဉ်အတွက် ဆိပ်ကမ်း ၁၁ ခုကို လျာထားသတ်မှတ်ထားပြီး ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးနှင့် ချိတ်ဆက်နိုင်ရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

**(၀၀၁)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (၂၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် UNICEF, INGOs, NGOs တို့ပူးပေါင်းကျင်းပသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (၂၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အထက(၄) အလုံသီရိရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် UNICEF မှ ဌာနေကိုယ်စားလှယ် မစ္စတာ Bertrend Bainvelတို့က အမှာစကားပြောကြားခဲ့သည်။



**ကလေးသူငယ်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရမှုများနှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်း ဖြေရှင်းဆောင်ရွက်သင့်ပုံကို လှည်းကူးမြို့နယ်မှ ကလေးငယ်လေးများ သရုပ်ဖော်တင်ဆက်သည့် “တို့အားလုံးရဲ့တာဝန်” သရုပ်ဖော်ကကွက်ကို တွေ့ရစဉ်။**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က “ကလေးတွေရဲ့ လက်တွေ့ဘဝအခြေအနေနဲ့ ကလေးတွေရဲ့ အကြောင်းကိုသိဖို့လိုတယ်။ ကလေးတွေ ပျော်ရွှင်စွာနဲ့ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အဲဒီအချက်နှစ်ချက်နဲ့ လုပ်တာပါ။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဌာနဆိုင်ရာတွေက တာဝန်ရှိသူတွေအနေနဲ့ ကလေးတွေ တင်ဆက်တဲ့အကြောင်းအရာတွေကိုကြည့်ပြီး ကလေးတွေ တကယ်ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်နေရပါလားဆိုပြီး အတွေးအမြင်တွေ ရသွားမယ်။ နောက်ပြီး ကလေးတွေဟာလည်း တစုတစည်းတည်း ပျော်ပျော်ပါးပါး တွေ့ဆုံခွင့်ရသွားမယ်။ ကလေးတွေ ပူးပေါင်းပြီး နေနိုင်အောင် ကြိုးစားဆောင်ရွက်ပေးတာပါ”ဟု ပြောသည်။

ထို့နောက် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်)၊ နားမကြားသော ကလေးများကျောင်း၊ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း၊ အမျိုးသမီး ကလေးများ သင်တန်းကျောင်း (ထောက်ကြန့်)၊ သန်လျင်လူငယ် သင်တန်းကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ ၄က်အော်စမ်း လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မူလတန်းကြိုကျောင်း အမှတ်(၄)မှ ရင်သွေးငယ်များနှင့် World Vision, Save the Children မှ ကလေးငယ်များက တေးသရုပ်ဖော်များ၊ အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။

“ရန်ကုန်တိုင်းဒေသကြီးမှာ ကျင်းပသလို အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း ကျင်းပနေပါတယ်။ ကလေးတွေအနေနဲ့ ကလေးသူငယ်အခွင့် အရေးတွေသိလာမယ်။ ကလေးသူငယ်လှုပ်ရှားမှုတွေမှာ သူတို့ပါဝင်ခွင့်ရလာမယ်ဆိုရင် ကလေးတွေအနေနဲ့ အစစအရာရာ ပိုပြီးတိုးတက်ဖွံ့ဖြိုးလာမှာပါ”ဟု ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်ဦးက ပြောသည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံမှ ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

**(သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဖြိုး)**

# အနည်းဆုံးအခကြေးငွေ အမြန်ဆုံးသတ်မှတ်ပေးရေး လှိုင်သာယာမြို့နယ် အလုပ်သမားများ စုပေါင်းဆန္ဒထုတ်ဖော်

**လှိုင်သာယာ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ရက်မှ ဦးဆောင်ပြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အလုပ်သမားသမဂ္ဂများ စုပေါင်းကာ လူအင်အား ၇၀၀ ကျော်ဖြင့် ဗွီနိုင်း ၆၃ ခု ကိုင်ဆောင်အသုံးပြုပြီး အနည်းဆုံးအခကြေးငွေ တစ်ရက်လျှင် ကျပ် ၅၆၀၀ သတ်မှတ်ပေးရေး ကြွေးကြော်သံ ၁၆ ခုဖြင့် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက လှိုင်သာယာ ရိုးကြီးမှတ်တိုင်အနီး ပန်းဘဲဝန် ဦးရွှေဗန်းလမ်းတွင် စုရပ်ပြုလုပ်ပြီး အောင်မြေသာယာ အားကစားကွင်းထိ လမ်းလျှောက်ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ အချက် ၁၆ ချက် အဓိကထားပါတယ်။ ဒီ ၁၆ ချက်က အလုပ်သမားတွေရဲ့ ခံစားချက်အသံတွေပါပဲ။ ဒါကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထားဆောင်ရွက်စေချင်ပါတယ်”ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ရက်မှ ဦးဆောင်သူတစ်ဦးဖြစ်သူ မလှလှက ပြောသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သော မြန်မာရန်ချမ်း ပလိပ်ပြားစက်ရုံမှ အလုပ်သမားတစ်ဦးဖြစ်သူ ကိုရဲမင်းနိုင်က “အဓိကကတော့ အနည်းဆုံးအခကြေးငွေ ကျပ် ၅၆၀၀ ရရှိဖို့ပါပဲ။ ဒါ့အပြင် ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့(လှိုင်သာယာ)အဲဒီမှာရှိတဲ့ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲတွေကို ကျွန်တော်တို့က တရားမျှတမှုမရှိဘူးလို့မြင်တယ်။ ဒါကြောင့် အဲဒီလူတွေကို ကျွန်တော်တို့လက်မခံဘူး။ ပြန်ရွေးချယ်ပေးပါ။ ပွင့်လင်းမြင်သာစွာရှိရေးနဲ့ တရားမျှတမှုရှိရေး အားလုံးပါဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးစေချင်တယ်”ဟု ပြောသည်။

လမ်းတစ်လျှောက်တွင် အနီရောင်အောက်ခံ၊ အဖြူရောင် စာသားများပါဝင်သော ဗွီနိုင်းဆိုင်းဘုတ် ၆၃ ခုကို



ကိုင်ဆောင်ထားကြပြီး ကြွေးကြော်သံများကို ဦးဆောင်သူများက Hand Spaker များနှင့် တိုင်ပေးကာ လမ်းတစ်လျှောက် ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲတွင် အောင်ကမ္ဘာ (AGB) ပိုက်စက်ရုံ၊ ဂျင်းဘရားသားဖိနပ်စက်ရုံ(KKF)၊ ငါးဖမ်းပိုက်စက်ရုံ အစရှိသော လှိုင်သာယာမြို့နယ်တွင်း စက်ရုံများရှိ အလုပ်သမားသမဂ္ဂများ စုပေါင်းပါဝင်ကာ ခွင့်ပြုမိန့်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးဆောင်သူများထံမှ သိရသည်။ အောင်ကမ္ဘာသမဂ္ဂမှ ဦးဆောင်သူတစ်ဦးက “အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲတွေမှာ တစ်ဖွဲ့ကို ကိုယ်စားလှယ်တစ်ဦးစီ တစ်မဲနဲ့ ဒီမိုကရေစီနည်းကျ ပြန်လည်ကျင်းပဖို့ လိုပါမယ်။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ကိုလည်း အသစ်ပြန်လည် ဖွဲ့စည်းပေးစေချင်ပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တာဝန်ယူဖြေရှင်းပေးစေချင်ပါတယ်။ လှိုင်သာယာမြို့နယ်မှာရှိတဲ့ အလုပ်သမားဆက်ဆံရေးဦးစီးဌာနက တာဝန်ရှိဝန်ထမ်းများကိုလည်း အရေးယူပေးဖို့ တောင်းဆိုပါတယ်”ဟု ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲအား မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာမြို့နယ် အောင်မြေသာယာအားကစားကွင်း ရှေ့ရှိ ပလက်ဖောင်းတွင် စုပေါင်းတန်းစီ၍ ကြွေးကြော်သံများအား စုပေါင်း၍ သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ပွဲ ပြီးဆုံးသွားကြောင်း သိရသည်။

**ကိုစောမင်း(ရွှေပြည်သာ)**

**○ ဆူဇူကီးမှ**

ဒုတိယပိုင်းအစနှင့် မိနစ် ၆၀ နောက်ပိုင်းတွင် မြန်မာအသင်းကစားပုံ ပိုကောင်းလာပြီး ၇၃ မိနစ်တွင် အောင်သူက အဝေးကန်ချက်ဖြင့် လှလှပပ ချေပဂိုးသွင်းယူခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် ပွဲကအပြန်အလှန်ရှိလာခဲ့သော်လည်း ဗီယက်နမ်တိုက်စစ်ကို မထိန်းချုပ်နိုင်သောကြောင့် မြန်မာအသင်း ဂိုးထပ်ပေးရကာ သရေမှပြန်ပြီး ရှုံးခဲ့ရသည်။ ဗီယက်နမ်အတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် ဝါရင့်တိုက်စစ်မှူး အသင်းခေါင်းဆောင် လီကောင်ဗင်က သွင်းယူခဲ့သည်။

ပွဲဦးထွက်ရှုံးပွဲကြုံတွေ့ခဲ့ရသည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် လက်ကျန်နှစ်ပွဲတွင် အမှားခံ၍မရတော့ဘဲ အနိုင်ရရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် မလေးရှားက ကမ္ဘောဒီးယားကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲအစ ခုနစ်မိနစ်တွင် ကမ္ဘောဒီးယားဂိုးစရခဲ့ပြီး ကွင်းလယ်ဒိုင်၏ အငြင်းပွားဖွယ် ဆုံးဖြတ်ချက်ဖြင့် ဗာသာနာကာက သွင်းယူခဲ့ခြင်းဖြစ်သည်။ စည်းကြပ်ဒိုင်က လူကျွံဘောသတ်မှတ်ထားသော်လည်း ကွင်းလယ်ဒိုင်က ဆက်ကစားခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရ၍ မလေးရှားအသင်း ရုန်းကန်ခဲ့ရပြီး ၃၇ မိနစ်မှ ချေပဂိုးပြန်ရကာ ဆာယန်ဇာဝမ်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားလာနိုင်ပြီး ၅၈ မိနစ်တွင် ဗာသာနာကာက တစ်ကိုယ်တော်အစွမ်းဖြင့် ကမ္ဘောဒီးယားအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ဒုတိယအကြိမ်ရရှိသည့် ဦးဆောင်ဂိုးကိုလည်း မထိန်းနိုင်ခဲ့ဘဲ အမ်မရီက ၆၈ မိနစ်တွင် မလေးရှားအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မလေးရှားအသင်းအတွက် အနိုင်ဂိုးကို ၇၈ မိနစ်တွင် အသင်းခေါင်းဆောင် အမ်မရီက သွင်းယူခဲ့ပြီး နှစ်ဂိုးအရှုံး ဂိုးများပြန်သွင်းကာ ပွဲဦးထွက်နိုင်ပွဲရရှိခဲ့သည်။

**ဒုတိယပွဲ (၂၃-၁၁-၂၀၁၆)**

ပထမပွဲ - ဗီယက်နမ်-မလေးရှား

ဒုတိယပွဲ - မြန်မာ-ကမ္ဘောဒီးယား

**သတင်း-ရှိုင်းထက်ဖော်**

**ဓာတ်ပုံ-စိုးညွန့်**

# လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ နည်းလမ်းသစ်များရရှိရေး အေပက်ခေါင်းဆောင်များ အာရုံစိုက်နေ




**လီမာ နိုဝင်ဘာ ၂၀**

အမေရိကန်ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့် အောင်ပွဲခံခဲ့ပြီးနောက် အာရှ-ပစိဖိတ်ဒေသနိုင်ငံများက လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ နည်းလမ်းသစ်များ ရရှိရန် ကြိုးပမ်းလာချိန်တွင် တရုတ်နိုင်ငံက ယင်း၏ စီးပွားရေးကို ပိုမိုဖွင့်လှစ်ပေးမည်ဟု သမ္မတ ရှီကျင့်ဖျင်က ကတိပြုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ရက်သတ္တတစ်ပတ်ကျော်မျှသာ ကြာမြင့်သေးချိန်တွင် ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)အစည်းအဝေးတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက် မည်သို့ရှိမည်ကို ဒေသဆိုင်ရာခေါင်းဆောင်များက လေ့လာစောင့်ကြည့်လျက်ရှိကြသည်။

အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံများအကြား ရရှိထားသည့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များကို ပြန်လည်ဖျက်သိမ်းခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းခြင်း ပြုလုပ်သွားမည်ဟု ရွေးကောက်ပွဲကာလအတွင်း ဒေါ်နယ်ထရန့်က ကတိပြုပြောကြားခဲ့သဖြင့် အေပက်ခေါင်းဆောင်များက လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ နည်းလမ်းသစ်များကို ရှာဖွေရန် ယခုနှစ်၏ အေပက် အစည်းအဝေးကို အလေးပေးလျက်ရှိကြသည်။

ဒေါ်နယ်ထရန့် ရွေးချယ်တင်မြှောက်ခံရခြင်းကြောင့် ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုရေး (တီပီပီ) အမည်ရှိ ကုန်သွယ်ရေးသဘောတူညီချက် ရရှိရေး မျှော်လင့်ချက်မှာ ဝေဝါးသွားခဲ့ရသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား လက်ထက်တွင် အဆိုပြုခဲ့သော ယင်းကုန်သွယ်ရေး သဘောတူညီချက်မှာ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များအနက် အကြီးကျယ်ဆုံးဖြစ်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာနေမှုကို ထိန်းချုပ်နိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ် တီပီပီကို သမ္မတ အိုဘားမားက ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကတိုက်နှင့် အာရှ-ပစိဖိတ် ဒေသတို့ရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့သော ယင်းသဘောတူညီချက်အတွက် ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက်ရရှိရန် အိုဘားမား၏ ကြိုးပမ်းချက်မှာ ယခုအခါ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

**ရိုက်တာ။**

# အိန္ဒိယနိုင်ငံ၌ အမြန်ရထား လမ်းချော်တိမ်းမှောက် လူ ၉၀ ထက် မနည်းသေဆုံး၊ ၁၅၀ ကျော် ဒဏ်ရာရ

**နယူးဒေလီ နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ် ပြည်နယ်၌ နိုဝင်ဘာ ၂၀ ရက်က အမြန်ရထားတစ်စင်း လမ်းချော် တိမ်းမှောက်မှုဖြစ်ပွားရာ လူ ၉၀ ထက်မနည်း သေဆုံးပြီး ၁၅၀ ကျော်ဒဏ်ရာရရှိကြောင်း၊ သေဆုံးသူဦးရေ တိုးလာနိုင်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။



နိုင်ငံအရှေ့မြောက်ပိုင်း ပတ္တနားမြို့နှင့် နိုင်ငံအလယ်ပိုင်း အင်ဒိုးမြို့အကြား ခုတ်မောင်းသော အမြန်ရထားသည် ကန်ပူရ်မြို့တောင်ဘက် ၆၅ ကီလိုမီတာအကွာ ပူခရန်ဒေသတွင် လမ်းချော်တိမ်းမှောက်ခဲ့သည်။

တွဲပေါင်း ၁၄ တွဲ ပါရှိသော အမြန်ရထား လမ်းချော်တိမ်းမှောက်မှုတွင် လူပေါင်း ၂၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အပူတပြင်း လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အဆိုပြုချက်ကို ဆီးရီးယားအစိုးရပယ်ချ

**ဒမတ်စကတ် နိုဝင်ဘာ ၂၀**

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က အဆိုပြုထားသော စစ်သွေးကြွများအား အလက်ပိုမြို့၏အရှေ့ပိုင်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုရန် အဆိုပြုချက်ကို ဆီးရီးယားအစိုးရက ပယ်ချခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝါလစ်အလ်မိုလ်လန်က နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။ အဆိုပါ ပြောဆိုချက်အား ဒမတ်စကတ်တွင် ရောက်ရှိနေသော ကုလသမဂ္ဂအထူးကိုယ်စားလှယ် စတတ်ဖန်ဒီမစ်ဒူရာနှင့်တွေ့ဆုံပြီးနောက် မိုလ်လန်က ပြောကြားသည်။ မစ်ဒူရာက အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး စစ်သွေးကြွများဘက်မှ လိုက်နာဆောင်ရွက်စေရန် မိမိအနေဖြင့် အာမမခံနိုင်ကြောင်း ပြောကြားခဲ့သည်။ အလက်ပိုမြို့ရှိ တိုက်ပွဲများ၏ အခြေအနေမှာ ရှုပ်ထွေးနေပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တိုက်ခိုက်မှုများအား ရပ်တန့်စေလိုသော ဆန္ဒရှိသည်။ နိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားရာတွင် "သူပုန်တွေကို အလက်ပိုမြို့အရှေ့ပိုင်းမှ ဖယ်ထုတ်နိုင်ရင် အစိုးရအဖွဲ့အစည်းတွေ ပုံမှန်အလုပ်လုပ်နိုင်မည်"ဟု ပြောဆိုခဲ့သည်။ "ဆီးရီးယားအစိုးရအနေနဲ့ ၎င်းရဲ့နိုင်ငံသားတွေကို အကြမ်းဖက်သမားတွေ လက်ထဲက ကယ်တင်ဖို့တာဝန်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

**ဆင်ဟွာ။**

# အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် သမ္မတပတ်သက်နေဟု တောင်ကိုရီးယား အစိုးရရှေ့နေများ ပြောကြား

**ဆိုးလ် နိုဝင်ဘာ ၂၀**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး သည် အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ရပ်တွင် ကြံရာပါတစ်ဦးအဖြစ် ပါဝင်ပတ်သက်နေဖွယ်ရှိသည်ဟု အစိုးရရှေ့နေများက ပြောကြားလိုက်ကြရာ နိုင်ငံရေး ရှင်သန်မှုအတွက် ရုန်းကန်နေရသော သမ္မတ ပတ်အတွက် ဆုတ်ယုတ်မှုဖြစ်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတပတ်၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးနှင့် ပတ်၏ လက်ထောက်ဟောင်းနှစ်ဦးတို့ကို အစိုးရရှေ့နေများက စွဲချက်တင်လျက်ရှိစဉ် အစိုးရရှေ့နေများက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

အကျိုးဆက်အဖြစ် သမ္မတ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများ ပိုမိုကျယ်လောင်လာနိုင်ပြီး သမ္မတကို ပါလီမန်၌ စွဲချက်တင်ကာ ကြားနာစစ်ဆေးရဖွယ် အခြေအနေဖြစ်ပေါ်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတပတ်၏ မိတ်ဆွေ ချွိုင်ဆွန်းစီနှင့် သမ္မတ၏ လက်ထောက်ဟောင်း အန်ချောင်ဘမ်း တို့ကို အာဏာအလွဲသုံးမှုဖြင့် စွဲချက်တင်လိုက်ပြီဖြစ်သည်။

ချွိုင်ဆွန်းစီနှင့် အန်ချောင်ဘမ်းတို့သည် သမ္မတ၏ အရှိန်အဝါကို အသုံးပြုကာ ကုမ္ပဏီများအား ဖောင်ဒေးရှင်းများအတွက် ရန်ပုံငွေများ ထည့်ဝင်စေရန် ဖိအားပေးခဲ့ကြခြင်းမှာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး အရှုပ်တော်ပုံ၏ အခြေခံအကြောင်းတရားဖြစ်သည်။

ယနေ့အထိ ရရှိသော အထောက်အထားအရ သမ္မတပတ်သည် ချွိုင်ဆွန်းစီနှင့် သမ္မတလက်ထောက်ဟောင်းများနှင့်အတူ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခဲ့ကြောင်း ယူဆရသည်ဟု အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က သုံးသပ်ကြောင်း မြို့တော်ဆိုးလ်ရှိ ခရိုင် အစိုးရရှေ့နေချုပ်ရုံး အကြီးအကဲ လီယောင်ယိုက ပြောကြားသည်။

အစိုးရရှေ့နေများ၏ ပြောကြားချက်သည် အလွန်အမင်း ဝမ်းနည်းဖွယ်ကောင်းလှကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ယွန်ယောင်ကွတ်က ပြောကြားသည်။

**ရိုက်တာ။**

# ရုရှားနှင့် ဖိလစ်ပိုင်သမ္မတနှစ်ဦး နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်ဆွေးနွေး

**လီမာ နိုဝင်ဘာ ၂၀**

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးတို့သည် ပီရူးနိုင်ငံလီမာမြို့တွင် ကျင်းပသည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (အေပက်) ကို တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံခဲ့ကြကြောင်း သိရသည်။


သမ္မတပူတင်က ဖိလစ်ပိုင်သမ္မတဒူတာတေးအား သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ပါကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ယခင်ကထက် တိုးတက်မှုရှိစေရန် ဆက်လက်ကြိုးပမ်းသွားကြမည်ဟု ပြောကြားခဲ့ကြောင်း ရုရှားသမ္မတရုံးက သတင်းထုတ်ပြန်သည်။

သမ္မတပူတင်၏ ခေါင်းဆောင်မှုအရည်အချင်းကို သဘောကျသည့်အတွက် သမ္မတပူတင်နှင့် တွေ့ဆုံရသည်မှာ လွန်စွာဝမ်းသာပီတိဖြစ်မိပါကြောင်း ဖိလစ်ပိုင်သမ္မတဒူတာတေးက ဆိုသည်။

သမ္မတဒူတာတေး၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုလုပ်ဆောင်ချက်များပေါ် အနောက်နိုင်ငံများ၏ ဝေဖန်မှုများကို လျစ်လျူရှုထားနိုင်မည်ဟု ယုံကြည်ပါကြောင်း သမ္မတပူတင်က ဆိုသည်။

သမ္မတပူတင်နှင့်သမ္မတဒူတာတေးတို့ နှစ်ဦးတွေ့ဆုံမှုသည် သမ္မတပူတင်အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် ရုရှားနိုင်ငံ၏ မဟာမိတ်နိုင်ငံများရှိနေသေးကြောင်းကို အမေရိကန်နိုင်ငံအား ထင်မြင်စေရန် ဖြစ်သည်ဟု စောင့်ကြည့်လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ။**



# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



ဟီလာရီကလင်တန်က သမ္မတရွေးကောက်ပွဲမှာရှုံးနိမ့်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဝါရှင်တန်ဒီစီမှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ကလေးသူငယ်ကာကွယ်ရေး ရန်ပုံငွေ (Children's Defence Fund)ရဲ့ အခမ်းအနားမှာ မိန့်ခွန်းပြောခဲ့တာပါ။ ကလေးသူငယ်ကာကွယ်ရေးဆိုတာ ဟီလာရီကလင်တန်ရဲ့ ဘဝတစ်လျှောက်လုံး မြှုပ်နှံဆောင်ရွက်ခဲ့တဲ့ကိစ္စပါ။ ဟီလာရီက" ကျွန်မဒီနေ့ည ဒီအခမ်းအနားတက်ရတာဟာ ကျွန်မအတွက် လုံးဝလွယ်ကူတဲ့ ကိစ္စမဟုတ်ဘူးဆိုတာကို ဝန်ခံပြောကြားလိုပါတယ်။။ ပြီးခဲ့တဲ့တစ်ပတ်ထဲမှာ စာအုပ်ကောင်းလေးတစ်အုပ်ကိုပဲ ခွေဖတ်နေပြီး အိမ်ပြင်လုံးဝမထွက်တော့ဘူးဆိုတဲ့အတွေးမျိုး တစ်ကြိမ်မကဖြစ်မိပါတယ်" လို့ပြောကြားခဲ့ပါတယ်။ ဒီစကားတွေဟာ ဟီလာရီကလင်တန်လို အမျိုးသမီးတစ်ယောက်အတွက် မာနကိုထိခိုက်ခံပြီး ရင်ထဲက ပွင့်အန်လာတဲ့စကားတွေပါ။ ဟီလာရီကလင်တန်သာ ရွေးချယ်တင်မြှောက်ခံခဲ့ရရင် အမေရိကန်နိုင်ငံရဲ့နှစ်ပေါင်း (၂၄၀) သမိုင်းမှာ ရွေးချယ်တင်မြှောက်ခံရတဲ့ ပထမဦးဆုံးအမျိုးသမီးသမ္မတဖြစ်မှာဖြစ်သလို ကမ္ဘာ့သမိုင်းမှာပြည်သူလူထုဆန္ဒမဲနဲ့ခင်ပွန်းရောဇနီးသည်ပါ နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ ပထမဦးဆုံးဇနီးမောင်နှံဖြစ်လာမှာပါ။ အစောကတင်ပြခဲ့တဲ့မိန့်ခွန်းပြောဖို့ ဟီလာရီအတွက် ဘယ်လောက်ခက်ခဲမယ်၊ ဟီလာရီဟာ ဘယ်လိုထက်မြက်တဲ့နိုင်ငံရေးခေါင်းဆောင်မျိုးဆိုတာတွေကို ဂုဏ်ပြုတင်ပြချင်စိတ်ဖြစ်မိပါတယ်။ ဒါကြောင့်ဒီဆောင်းပါးကိုရေးတာပါ။ ဒီဆောင်းပါးရဲ့နေရာတော်တော်များများမှာ စာရေးသူက "ကိုဝ"ဆိုတဲ့ကလောင်အမည်နဲ့ ဘာသာပြန်ခဲ့တဲ့ "ဟီလာရီကလင်တန်၏ သုံးဘက်မြင်ရုပ်ပုံလွှာ"စာအုပ်ထဲကတချို့ကို ပြန်ကောက်နုတ်တင်ပြသွားပါမယ်။

အရင်ဆုံးဆောင်းပါးအဖွင့်မှာတင်ပြခဲ့တဲ့ ဟီလာရီရဲ့မိန့်ခွန်းနဲ့ဟီလာရီရဲ့ပုဂ္ဂိုလ်ရေးအကျင့်စရိုက်နဲ့ကိုယ်ယှဉ်တွဲတင်ပြလိုပါတယ်။ ဟီလာရီကလင်တန်ဟာ မက်သဒစ်ခရစ်ယာန်ဘာသာဝင်တစ်ဦးပါ။ ၂၀၁၄ ခုနှစ် ဧပြီလ မက်သဒစ်အမျိုးသမီးတွေ စုစည်းတွေ့ဆုံကြတဲ့ပွဲမှာ ဟီလာရီက "အခြေအနေတွေက ဘယ်လိုပဲ တစ်ဖက်စီးနင်းဖြစ်ဖြစ်၊ ကျွန်မတို့ ဘယ်လိုပဲပင်ပန်းပင်ပန်း အဝေးကိုထွက်ပြေးပြီး ဘယ်လိုပဲပုန်းရှောင်ချင်ပုန်းရှောင်ချင်၊ ကျွန်မတို့တာဝန်ကို ကျွန်မတို့ပြီးမြောက်အောင်တော့ လုပ်ရမှာပါ"လို့ ပြောကြားခဲ့တာကို ကြည့်ခြင်းအားဖြင့် ဟီလာရီရဲ့ အကျင့်စရိုက်ခံယူချက်ကို သိနိုင်ပါတယ်။ ဒီနေရာမှာ ဟီလာရီရဲ့ နိုင်ငံရေးရင့်ကျက်မှုနဲ့ တာဝန်သိတတ်မှုကို ဖော်ပြနေတဲ့ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲရလဒ် အသိအမှတ်ပြု ဟီလာရီရဲ့မိန့်ခွန်းကို ကောက်နုတ်တင်ပြလိုပါတယ်။ ဟီလာရီက "မနေ့ညက ကျွန်မ ဒေါ်နယ်ထရန့်ကို ဂုဏ်ပြုတဲ့အကြောင်း ဖုန်းဆက်ပြောခဲ့သလို တိုင်းပြည်ကိုယ်စား ကျွန်မဆောင်ရွက်ပေး နိုင်စရာရှိရင် ဆောင်ရွက်ပေးဖို့ကိုလည်း ကမ်းလှမ်းခဲ့ပါတယ်။ ဒေါ်နယ်ထရန့်က အမေရိကန်ပြည်သူအားလုံးအတွက် အောင်အောင်မြင်မြင် ဆောင်ရွက်ပေးနိုင်တဲ့ သမ္မတတစ်ယောက်ဖြစ်လာဖို့ ကျွန်မမျှော်လင့်ပါတယ်။ ကျွန်မကို ထောက်ခံခဲ့တဲ့ပြည်သူတွေ ဘယ်လောက်စိတ်ပျက်မယ်ဆိုတာကို ကျွန်မသိပါတယ်။ ကျွန်မလည်း စိတ်ပျက်မိပါတယ်။ ဒီလိုပါပဲ ကျွန်မနဲ့အတူ လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ အမေရိကန်ပြည်သူသန်းပေါင်းများစွာလည်း စိတ်ပျက်ကြမှာပါ။ ဒီပြည်သူတွေက သူတို့ မျှော်လင့်ချက်တွေ၊ သူတို့ရဲ့အိပ်မက်တွေအတွက် ကျွန်မတို့နဲ့အတူတူလက်တွဲဆောင်ရွက်ခဲ့ကြတာပါ။ ဒီအဖြစ်က နာကျင်ခံစားရပါတယ်။ ဒီနာကျင်ခံစားရမှုက ကာလရှည်ကြာရှိနေဦးမှာပါ။ ဒါပေမယ့် ပြည်သူအားလုံးကို ကျွန်မထောက်ပြချင်တာရှိပါတယ်။ ကျွန်မတို့ရဲ့ မဲဆွယ်လှုပ်ရှားမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်(ဒါမှမဟုတ်)ရွေးကောက်ပွဲတစ်ခုအတွက် ဆောင်ရွက်တာမျိုး ဘယ်တုန်းကမှ မဟုတ်ခဲ့ပါဘူး။ ဒါဟာ ကျွန်မတို့အားလုံး ချစ်မြတ်နိုးတဲ့ ကျွန်မတို့နိုင်ငံအတွက် ဆောင်ရွက်တာပါ။ ဒါဟာ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့၊ ပြည်သူအားလုံးလည်း ပါဝင်ခွင့်ရှိတဲ့၊ ခွင့်လွှတ်နားလည်တတ်တဲ့ စိတ်သဘောထားမျိုးလည်းရှိတဲ့ အမေရိကန်နိုင်ငံကြီးထူထောင်ဖို့ပါ။ ကျွန်မတို့ နိုင်ငံကြီးဟာ ကျွန်မတို့ ထင်ထားတာထက် ပိုနက်နက်ရှိုင်းရှိုင်းကွဲပြားနေတာကို ကျွန်မတို့ မြင်တွေ့ခဲ့ရပြီးပါပြီ။ ဒါပေမယ့် ကျွန်မဟာ အမေရိကန်နိုင်ငံအပေါ် အခုလည်းပဲ ယုံကြည်သလို နောင်လည်းပဲ ယုံကြည်မှာပါ။ ပြည်သူတွေအားလုံးကလည်း ဒီလိုယုံကြည်တယ်ဆိုရင် ကျွန်မတို့အားလုံးဟာ ရွေးကောက်ပွဲရလဒ်ကို မဖြစ်မနေလက်ခံပြီး အနာဂတ်အတွက် ပြင်ဆင်ဖို့လိုပါတယ်။ ဒေါ်နယ်ထရန့်ဟာ ကျွန်မတို့အားလုံးရဲ့ သမ္မတဖြစ်တော့မှာပါ။ ကျွန်မတို့အားလုံး ဒေါ်နယ်ထရန့်ကို အာဃာတကင်းကင်း စိတ်ရှင်းရှင်းလက်ခံပြီး ခေါင်းဆောင်ခွင့်ပေးဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီမိုကရေစီဟာ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးကို မြတ်မြတ်နိုးနိုးထိန်းသိမ်းဖော်ဆောင်ထားတာပါ"ဆိုပြီး ရှုံးနိမ့်မှုအသိအမှတ်ပြုမိန့်ခွန်းမှာ ပြောကြားခဲ့တာပါ။

ဟီလာရီကလင်တန်က ဘယ်လိုနိုင်ငံရေးခေါင်းဆောင်မျိုးလဲဆိုတာ သိရအောင် ဟီလာရီရဲ့ဘဝဖြတ်သန်းမှုကို ကြည့်ရအောင်ပါ။ "ဟီလာရီ ဒိုင်အင်းရော့ဒန်(Hillary Dione Rodham) ကို ချီကာဂိုမြို့မှာ ၁၉၄၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်က မွေးဖွားခဲ့တာပါ။ မွေးချင်းသုံးယောက်ထဲမှာ အကြီးဆုံးပါ။ မိခင်ဖြစ်သူက ဒေါ်ရသီဟောဝဲ (Dorothy Howell) က အိမ်ဖော်လုပ်ခဲ့ဖူးပါတယ်။ ဖခင်ဖြစ်သူ ဟျူးရော့ဒန် (Hugh Rodham) က လုပ်ငန်းလေးဖြစ်ပေမယ့် အောင်မြင်တဲ့ အထည်ဆိုးပန်းရိုက်လုပ်ငန်းရှင်ပါ။ ဟီလာရီကလင်တန်ရဲ့ မိသားစုနောက်ခံအနေအထားက ဟီလာရီရဲ့ဘဝမှာအရေးပါသလို သူတို့မိသားစုရဲ့ ဘဝနေထိုင်မှုပုံစံကလည်း အရေးပါတယ်ဆိုတာက အထူးပြောစရာမလိုပါဘူး။ "ဟျူးရော့ဒန်က တစ်ခါတစ်ရံ ကပ်စေးနှဲပြီး အမြဲလိုလို တွန့်တိုနေတာပါ။ အိမ်တွင်းစည်းကမ်းတစ်ခုကတော့ မီတာခချွေတာဖို့ ညဘက်မှာ လျှပ်စစ်သုံးပစ္စည်းတွေ မသုံးရတာပါ။ ဒါကြောင့် မကြာခဏဆိုသလို ကလေးတွေဟာ ချမ်းချမ်းတုန်တုန် ကွေးကြရပါတယ်။ တကယ်လို့ ဟီလာရီက သွားတိုက်ဆေးဘူးကို ညှစ်မသုံးခဲ့ရင် အဖေဖြစ်သူက အဖုံးကို ရေချိုးခန်းပြတင်းပေါက်ကနေ လွှင့်ပစ်ပြီး ဟီလာရီကို ခြံထဲကနေပြန်ရှာခိုင်းပါတယ်။ ဒီလောက်ဆိုရင် ဟီလာရီကလင်တန်ရဲ့ ငယ်စဉ်ဘဝဖြတ်သန်းမှုကို မှန်းဆနိုင်လောက်ပါပြီ။ ဟီလာရီကလင်တန်ရဲ့ လူငယ်ဘဝမှာ အဓိကဩဇာလွှမ်းမိုးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးရှိပါတယ်။ ဒီပုဂ္ဂိုလ်ကတော့ သိက္ခာတော်ရဆရာတော် ဒွန်ဂျုန်းစ်(Done Jones) ပါ။ သူ့ရဲ့အမှတ်တရမှတ်တမ်းစာအုပ် Living History မှာ ဟီလာရီက "ဘုန်းတော်ကြီးတွေဟာ ကျွန်မအဖေရဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရမယ်ဆိုတဲ့ စွဲစွဲမြဲမြဲယုံကြည်မှုနဲ့ ကျွန်မအမေရဲ့ လူမှုရေးတရားမျှတမှုရှိဖို့ စိုးရိမ်ပူပန်မှုတွေကြား ဘယ်လိုဟန်ချက်ညီညီပေါင်းစပ်နိုင်မလဲဆိုတဲ့ ကျွန်မရဲ့စိတ်အားထက်သန်မှုကို ဖေးမကူညီပေးခဲ့ပါတယ်"လို့ ရေးသားခဲ့ပါတယ်။ ဒါဟာ ဟီလာရီရဲ့ ဘဝယုံကြည်ချက်ဖြစ်သလို သူ့နိုင်ငံရေးယုံကြည်ချက်ရဲ့ အခြေခံတွန်းအားလို့လည်း ပြောနိုင်ပါတယ်။ ကောလိပ်ကျောင်းသူဘဝမှာကတည်းက ဟီလာရီရဲ့ နိုင်ငံရေးအရည်အချင်းကို တွေ့ရပါတယ်။ "ဟီလာရီကိုလူသိများလာတာက ဝက်(စ) လေကောလိပ်မှာပါ။ တစ်ခန်းဝင်တစ်ခန်းထွက် တံခါးခေါက်စည်းရုံးမဲဆွယ်ပြီး ဟီလာရီဟာ ကျောင်းသားသမဂ္ဂရဲ့ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဘဝမှာ ဟီလာရီဟာ အားလုံးရဲ့သဘောတူညီချက်ရအောင် လိုက်လိုက်လှဲလှဲ အားကြိုးမာန်တက် လုပ်ကိုင်တတ်တာပြသနိုင်ခဲ့ပါတယ်။ ဟီလာရီဟာ ဗီယက်နမ်စစ်ဆန့်ကျင်ရေးလူထုဆန္ဒပြပွဲတွေကို အန္တရာယ်ကင်းကင်းကျင်းပနိုင်အောင် ကောလိပ်ကျောင်းအုပ်ချုပ်ရေးအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့သလို ဆန္ဒပြပွဲကနေအဓိကရုဏ်းပုံစံမျိုးရောက်မသွားအောင်လည်းစနစ်တကျ စီမံခဲ့ပါတယ်။ အဲဒီအချိန်က ဗီယက်နမ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေကနေ အဓိကရုဏ်းအဆင့်ရောက်သွားတာဟာ အမေရိကန်တစ်နိုင်ငံလုံးလိုလိုမှာ တွေ့နေရတာပါ"။

ဟီလာရီကလင်တန်ရဲ့လူငယ်အစ ပထမပိုင်းမှာ ရီပတ်ဘလီကန်ပါတီဝင်အဖြစ်ရပ်တည်ခဲ့ပေမယ့် နောက်ပိုင်းမှာဒီမိုကရက်တစ်ပါတီဝင်အဖြစ်ပြောင်းလဲရပ်တည်ခဲ့ပါတယ်။ "ကျောင်းသူအသစ်ဘဝမှာ ဟီလာရီဟာ ဝက်(စ)လေကောလိပ်ရဲ့ရီပတ်ဘလီကန်လူငယ်များကလပ်ဥက္ကဋ္ဌဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးကို ကိုင်လှုပ်ခဲ့တဲ့လူမှုရေးအုံကြွမှုကြီးဟာ ဟီလာရီရဲ့အတွေးအခေါ်ဟောင်းတွေကိုလွင့်စဉ်ကွာကျစေခဲ့ပါတယ်။ အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုတွေ အားကောင်းလာတယ်။ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတွေ အရှိန်အဟုန်ကျလာတယ်။ ဗီယက်နမ်စစ်က မွေးဖွားပေးလိုက်တဲ့ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ကျယ်ပြန့်လာခဲ့တယ်။ ဒါတွေဟာ အဲဒီအချိန်က အမေရိကန်နိုင်ငံကို ကိုင်လှုပ်ခဲ့တဲ့ လူမှုရေးအုံကြွမှုကြီးပါ။ ဒါတွေက ဟီလာရီကလင်တန်ရဲ့ တက္ကသိုလ်ကျောင်းသူဘဝနိုင်ငံရေးဖြတ်သန်းမှုပါ။ တက္ကသိုလ်ကျောင်းသူဘဝမှာပဲ ဟီလာရီနဲ့ ကလင်တန်တို့ တွေ့ဆုံခဲ့ပြီး ကလင်တန်က ဟီလာရီကို လက်ထပ်ခွင့်ပေးဖို့ အကြိမ်ကြိမ်ခွင့်ပန်ခဲ့ပါတယ်။ နောက်ဆုံးကျမှပဲဟီလာရီက ကလင်တန်နဲ့လက်ထပ်ဖို့ကို သဘောတူခဲ့တာပါ။ ၁၉၇၅ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှာ သူတို့နှစ်ဦးလက်ထပ်ခဲ့ပါတယ်။ လက်ထပ်တဲ့အချိန်မှာ ဟီလာရီကသူသာဆန္ဒရှိခဲ့ရင် မြို့တော်ဝါရှင်တန်ရဲ့ ဘယ်လိုဂုဏ်သိက္ခာဩဇာကြီးတဲ့ အလုပ်မျိုးကိုပဲဖြစ်ဖြစ် ရနိုင်တဲ့အနေအထားဖြစ်နေပါပြီ။ ဒါပေမယ့် ဟီလာရီက နှလုံးသားနဲ့ဆုံးဖြတ်ပြီး ကလင်တန်ရှိတဲ့တောင်ပိုင်းက ပြည်နယ်သေးကလေးတစ်ခုဖြစ်တဲ့ အာကန်ဆောပြည်နယ်ကို လိုက်ခဲ့ပြီး လက်ထပ်ခဲ့တာပါ။"ကျွန်မတို့နှစ်ယောက်ဟာ တစ်သက်တာ မိတ်ဆွေရဲဘော်ရဲဘက်လို့ ပြောလို့ရတယ်။ ယုံကြည်ချက်တစ်ခုတည်းပေါ်မှာ ရပ်တည်ကြတယ်။ တိုင်းပြည်အတွက် ဆောင်ရွက်ရမယ်ဆိုတဲ့ မယိမ်းမယိုင်ယုံကြည်ချက်ချင်း တူညီကြတယ်" လို့ ဟီလာရီက သူရဲ့အမှတ်တရမှတ်တမ်းစာအုပ် Living History မှာ ရေးသားထားပါတယ်။ ဘီလ်ကလင်တန် အာကန်ဆောပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံရရေးမှာ ဟီလာရီက တက်တက်ကြွကြွ ဦးဆောင်ပါဝင်ခဲ့ပြီး ဒီအချက်က ရှေးဆန်ပြီး ကွန်ဆာဗေးတစ်ဖြစ်တဲ့ အာကန်ဆောပြည်နယ်သူ ပြည်နယ်သားတွေရဲ့ အမြင်မှာလည်း ကန့်လန့်ဖြစ်နေခဲ့ပါတယ်။ ဟီလာရီဟာ ကလင်တန်နဲ့ လက်ထပ်ခဲ့ပေမယ့် သူ့အပျိုဘဝအမည်ကိုပဲ ဆက်သုံးခဲ့ပါတယ်။ ဒီအချက်က ဘီလ်ကလင်တန်ရဲ့ အာကန်ဆောပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဒုတိယအကြိမ်ပြန်အရွေးခံရရေး ရွေးကောက်ပွဲမှာ အဓိကနိုင်ငံရေးတိုက်ကွက်တစ်ခုဖြစ်ခဲ့ပြီး အဲဒီအချက်ကြောင့်ပဲ ဘီလ်ကလင်တန် ရှုံးနိမ့်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း ဟီလာရီဟာ သူ့ဘဝမှာ ပထမဆုံးအကြိမ် ယောက်ျားအမည်နဲ့တွဲပြီး ဟီလာရီရော့ဒန်ကလင်တန်လို့ သူ့ကိုယ်သူ ရည်ညွှန်းပြောဆိုလာပါတယ်။ သူ့ရဲ့အမှတ်တရမှတ်တမ်းစာအုပ် Living History မှာ ဟီလာရီက "ကျွန်မအပျိုဘဝအမည်ကို ဆက်ထိန်းသိမ်းဖို့ထက် ဘီလ်ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ဖို့က ပိုအရေးကြီးတယ်လို့ ကျွန်မဆုံးဖြတ်ခဲ့ပါတယ်"လို့ ရေးသားခဲ့ပါတယ်။ အာကန်ဆောပြည်နယ်သမိုင်းမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးကို ဆုံးရှုံးခဲ့ပြီး နောက်တစ်ကြိမ် ပြန်အရယူနိုင်တဲ့ပုဂ္ဂိုလ်ကို ပြောဆိုရင် ဘီလ်ကလင်တန်က ပထမဦးဆုံးပါ။ ဘီလ်ကလင်တန် ဒီလိုပြန်အရွေးခံရေးမှာ ဟီလာရီက အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့တာပါ။

(ဆက်လက်ဖော်ပြပါမည်။)

**ကျွန်မတို့ရဲ့ မဲဆွယ်လှုပ်ရှားမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်(ဒါမှမဟုတ်) ရွေးကောက်ပွဲတစ်ခုအတွက် ဆောင်ရွက်တာမျိုး ဘယ်တုန်းကမှမဟုတ်ခဲ့ပါဘူး။ ဒါဟာ ကျွန်မတို့အားလုံး ချစ်မြတ်နိုးတဲ့ ကျွန်မတို့နိုင်ငံအတွက် ဆောင်ရွက်တာပါ။ ဒါဟာ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့၊ ပြည်သူအားလုံးလည်း ပါဝင်ခွင့်ရှိတဲ့၊ ခွင့်လွှတ်နားလည်တတ်တဲ့ စိတ်သဘောထားမျိုးလည်းရှိတဲ့ အမေရိကန်နိုင်ငံကြီးထူထောင်ဖို့ပါ။**

# ပွဲကိုင်ရှင်များ၏ အရည်အချင်းကို မြှင့်တင်ပေးကြပါစို့

## မောင်သောင်းဝင်း(တမန်ဟောင်း)

နေပြည်တော်တွင် နိုဝင်ဘာလ ဒုတိယပတ်ကတည်းက ဆောင်းဝင်နေပြီဖြစ်သည်။ နံနက်စောစောတွင် မြူနှင်းများတစ်ပြိုက်နှစ်ပြိုက်ကျလာသည့်အပြင် မြောက်လေအေးပါတိုက်လာသဖြင့် အနွေးထည်ဝတ်ဆင်ထားမှသာ နေရထိုင်ရအဆင်ပြေသည်။ ပန်းခြံနှင့်လမ်းမများပေါ်တွင်လည်း နံနက်စောစော လမ်းလျှောက်ထွက်ကြသူများကို မိုးတွင်းကာလကထက် ပိုမိုတွေ့မြင်လာရသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆရာဝန်များက အသက်(၄၀)ကျော်လာသူများသည် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုလုပ်သင့်သည်ဟု ဆိုထားသည်။ စေတနာပါသောထိုအကြံပြုချက်များကိုသတင်းစာ၊ ဂျာနယ်များတွင် ဖတ်မိပြီးနောက် အသက် (၄၀) ကျော်အရွယ်သို့ ချင်းနင်းဝင်ရောက်လာသည့် စာရေးသူလည်း နေ့စဉ်နံနက်စောစောထ ဘုရားရှိခိုးပြီး ကျန်းမာရေးအတွက် မိနစ်သုံးဆယ်ခန့်အပြေးလေ့ကျင့်ခန်း လုပ်နေရသည်။

ယနေ့လည်း ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း မိနစ်သုံးဆယ်ခန့်ပြေး၊ အကြောလျှော့၊ ရေအနည်းငယ်သောက်ပြီး အိမ်ရှေ့ရှိ ထန်းလျှော်ပက်လက်ကုလားထိုင်ပေါ်၌ခေတ္တနားနေလိုက်ပါသည်။ ထိုသို့နားနေစဉ် ဒုတိယတန်းတွင်ပညာသင်ကြားနေသော သမီးငယ်၏ အင်္ဂလိပ်ဖတ်စာကျက်နေသည်ကို အသံထွက်နှင့် အဓိပ္ပာယ်များ မှန်ကန်မှုရှိ ၊မရှိ နားထောင်ကြည့်နေမိပါ၏။ တစ်နေရာအရောက်တွင် Doing ကို(ဘာလုပ်နေသလဲ)ဆိုပြီး ကျက်မှတ်နေသည်ကိုကြားမိလိုက်သဖြင့် သေချာအောင် သမီးငယ်စာအုပ်ကို တောင်းကြည့်လိုက်ရပါသည်။

သမီးငယ် ဖတ်သည့်အတိုင်းပင် Doing ကို(ဘာလုပ်နေသလဲ)လို့ ရေးသားထားသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပါသည်။ သင်ခန်းစာခေါင်းစဉ်ကိုကြည့်လိုက်သည့်အခါ What is he / she doing? ဖြစ်နေသည်။ ဝါကျအပြည့်အစုံရေးမှသာလျှင် သူသည်ဘာလုပ်နေသလဲ၊ သူမသည်ဘာလုပ်နေသလဲဆိုသော အဓိပ္ပာယ်ရရှိနိုင်ပါသည်။ Oxford Dictionary တွင် Doing ကို အဓိပ္ပာယ်များစွာဖွင့်ဆိုထားပါသည်။ သို့သော် အမေးစကားလုံး What မပါရှိဘဲ Doing တစ်လုံးတည်းကို ဘာလုပ်နေသလဲဆိုသော အဓိပ္ပာယ်တစ်လုံးမျှ မတွေ့ပါ။ ထိုသို့လွဲမှားသောသင်ပြမှုမျိုးသည် မျိုးဆက်သစ်လူငယ်များအတွက် များစွာအန္တရာယ်ရှိပါသည်။

စာရေးသူက "သမီးမှားနေတယ်။ ပြုလုပ်နေသည်လို့ ပြင်လိုက်ပါ" ဆိုတော့ သမီးငယ်က "မပြင်ရဲဘူး" ဆိုပြီးခေါင်းခါလာပါတယ်။ ကျောင်းသင်ခန်းစာများနှင့်ပတ်သက်၍ ကလေးငယ်များသည် ဆရာ ဆရာမများ သင်ပြထားသည်ကိုသာ မှန်ကန်သည်ဟုခိုင်မြဲစွာခံယူထားကြသည်။ တစ်ခါတစ်ရံ ကျောင်းတွင်သင်ကြားပေးလိုက်သည့်မှားနေသောသင်ခန်းစာများကို မိဘများက ထောက်ပြပြင်ဆင်ခိုင်းသည်ကိုပင် လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်လေ့ရှိကြသည်။ မည်သည့်အတွက်ကြောင့်လဲ ရှင်းပါသည်။ ဦးနှောက်နုနယ်သောကလေးများသည် သူတို့ ဆရာ ဆရာမများ၏ သင်ကြားပြသထားမှုများကို အမြဲတစေမှန်ကန်သည်ဟု ရိုးသားဖြူစင်စွာ ယူဆထားကြသောကြောင့်ဖြစ်သည်။ နောက်တစ်ပိုင်းက ဆရာ ဆရာမများကို ကြောက်နေသောကြောင့်ဖြစ်သည်။

ထိုသို့ဆိုလျှင် မည်သို့လုပ်သင့်ပါသလဲ၊ လွယ်ပါသည်။ ဆရာ ဆရာမများသည် မိမိသင်ပြရမည့်ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုတင်ပြင်ဆင်လေ့လာသွားရန်လိုအပ်မည်ဖြစ်သည်။ မိမိကို ထမင်းကျွေးသောအလုပ်အပေါ် သစ္စာရှိရန်လိုအပ်ပါသည်။ ပြည်သူ့အခွန်အခများကို စားသောက်နေမည်ဆိုလျှင် ပြည်သူများက မွေးဖွားထားသော သားသမီးများအပေါ် မှန်ကန်သောသင်ကြားပြသမှုပုံစံမျိုးဖြင့်သာ အလုပ်အကျွေးပြုသွားသင့်ပါသည်။ ဆရာ ဆရာမများသည် အနန္တောအနန္တဂိုဏ်းဝင်များဖြစ်ကြပါသည်။ မြင့်မြတ်လှသော ထိုဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး တပည့်များအပေါ် စေတနာထားကာ သင်ကြားပြသသွားစေချင်ပါသည်။ ဆရာလုပ်နေခြင်းမဟုတ်ပါ။ ကျောင်းသားမိဘတစ်ဦးအနေဖြင့် အပြုသဘောဆောင်စွာ အကြံပြုခြင်းသာဖြစ်ပါသည်။

တိုးတက်နေသောခေတ်ကြီးတွင် သင်ကြားရေးအထောက်အကူပြု ဘာသာစုံအထူးထုတ်များကို လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ မိမိတာဝန်ယူသင်ကြားပြသပေးရမည့်ဘာသာရပ်ကိုကြိုတင်လေ့လာထားသင့်ပါသည်။ ပွဲမဝင်ခင်အပြင်ကကျင်းပဆိုသောစကားအတိုင်း ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်သင့်ပေသည်။ ထိုသို့ကြိုတင်လေ့လာထားမှသာ ဦးနှောက်နုနယ်သည့်ကလေးများကို မှန်ကန်သော သင်ခန်းစာများပို့ချသင်ကြားပေးနိုင်မည်ဖြစ်သည်။ ထိုသို့မလုပ်ဘဲ ဝတ်ကျေတမ်းကျေသဘောမျိုးဖြင့်သာ လုပ်နေမည်ဆိုလျှင် ဆရာ ဆရာမများ၏ အရည်အသွေး တဖြည်းဖြည်းနိမ့်ကျလာမည်ဖြစ်သည်။ ထိုသို့အရည်အသွေး မပြည့်စုံသူများက သင်ကြားပြသလိုက်သောမျိုးဆက်သစ်များ၏ အရည်အချင်းသည် ဆိုဖွယ်ရာပင်မရှိတော့ချေ။

ထိုပြဿနာကို မည်သို့ဖြေရှင်းသွားကြမလဲ။ ရိုးရှင်းလွယ်ကူပါသည်။ အခြေခံကျောင်းများအဆင့်၌ သင်ကြားစီမံအပိုင်းတွင် တာဝန်ယူထားသည့် ကျောင်းအုပ်များက ကြီးကြပ်သွားမည်ဆိုလျှင် ရနိုင်ပါသည်။ ကျောင်းအုပ်များသည် မိမိလက်အောက်ရှိ ဆရာ ဆရာမ တစ်ဦးချင်းစီ၏ အားသာချက်နှင့် အားနည်းချက်များကို သိရှိထားအောင် အနီးကပ်လေ့လာထားသင့်ပါသည်။ သို့မှသာလျှင် လူမှန်၊ နေရာမှန်တာဝန်ပေးအပ်နိုင်မည်ဖြစ်သည်။ သင်ကြားရေးအပိုင်းတွင် အားနည်းသော ဆရာ ဆရာမများကိုလေ့ကျင့်သင်တန်းပေးသင့်ပါသည်။ ဆုပေး၊ ဒဏ်ပေးစနစ်လည်း ကျင့်သုံးသင့်ပါသည်။ ထိုသို့ဆောင်ရွက်သွားမည်ဆိုလျှင် သင်ကြားရေးစွမ်းဆောင်ရည်များ တိုးတက်လာမည်မှာ အသေအချာပင်ဖြစ်သည်။

ထို့အပြင် အခြေခံကျောင်းအချို့၌ လပတ်စာမေးပွဲကျင်းပမှုနှင့်ပတ်သက်၍ ကျောင်းသားမိဘများထံမှ သဘောထားခံယူနေသည်ဟုလည်း ကြားသိနေရပါသည်။ စာရေးသူအမြင်ကိုတင်ပြရလျှင် အပိုအလုပ်ဟု ထင်မိပါသည်။ ကျောင်းသားများ၏ပညာရည်တိုးတက်ရေးအတွက် အစမ်းစာမေးပွဲများ ဖြေဆိုကျင်းပခြင်းသည် အခြေခံကျောင်းများ၏ တာဝန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျောင်းသားများ၏ ပညာရည်အဆင့်အတန်းသည် စာမေးပွဲစနစ်မရှိလျှင် ယခုထက်ပိုမိုနိမ့်ကျသွားနိုင်ပါသည်။ နိုင်ငံတကာတွင်လည်း သင်ခန်းစာအခန်းအလိုက် သုံးသပ်ချက်ပြုစုတင်ပြကြရပါသည်။

> **နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များ ပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် သင်ကြားရေးတာဝန်ယူထားသည့် ပွဲကိုင်ရှင် ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ပေါ်တွင် များစွာမူတည်နေသလို သင့်တော်သည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားပို့ချမှုနှင့် စာမေးပွဲစနစ်များ ရှိနေရန်လည်းလိုအပ် . . .**

စာရေးသူတို့ငယ်စဉ်က အစမ်းစာမေးပွဲနှစ်ကြိမ်နှင့် အတန်းတင်စာမေးပွဲဟူ၍ သုံးကြိမ်ဖြေဆိုခဲ့ရသည်။ အစမ်းစာမေးပွဲများတွင် သင်ကြားပြီးသင်ခန်းစာများကို အမှတ် ၁၀၀ ဖိုးမေးပြီး အချိန်နှစ်နာရီကြာဖြေဆိုရလေ့ရှိသည်။ တစ်ကြိမ်ဆို တစ်ကြိမ်ဆိုသလောက် ထိထိမိမိကျက်မှတ်ဖြေဆိုခဲ့ရသည်။ ထို့ကြောင့် သင်ခန်းစာအားလုံးကျေညက်မှသာ စာမေးပွဲတွင်အမှတ်ကောင်းကောင်း ရရှိနိုင်မည်ဖြစ်သည်။ မှတ်ဉာဏ်မကောင်းသူများနှင့် စာကျက်ပျင်းသူများသည် အောင်မှတ် ၄၀ ရရှိဖို့ရန်များစွာခက်ခဲကြသည်။

သို့သော်မျက်မှောက်ခေတ် ကလေးငယ်များသည် ၂၅ မှတ်ဖိုးသာဖြေဆိုကြရသည်။ စာမေးပွဲတွင် မေးမည့်မေးခွန်းအားလုံးကိုလည်းကြိုပေးထားပြန်သည်။ ၂၅ မှတ်ကို ၄ နှင့်မြှောက်ပြီး အမှတ် ၁၀၀ ပေးထားခြင်းဖြစ်သည်။ အမှတ်စာရင်းထုတ်ပြန်ခြင်းမရှိဘဲ Grade A၊ B၊ C၊ D သာခွဲခြားထားသည်။ အစမ်းစာမေးပွဲများအတွက် ကျက်မှတ်ရသည့်သင်ခန်းစာမှာလည်း လွန်စွာနည်းနေသောကြောင့် Grade A ရရှိဖို့ရန်မခက်ခဲချေ။ ထိုအကျိုးဆက်ကြောင့် အမှတ် ၁၀၀ ဖိုး မေးခွန်းများဖြင့် အရည်အချင်းစမ်းသပ်ခွင့်မရရှိကြသော ကလေးများသည် စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် ဒသမတန်းတို့တွင် ကျရှုံးမှုများကြသည်။ ပွဲကိုင်ရှင်များဖြစ်ကြသည့် ဆရာ ဆရာမများ၊ မိဘများနှင့် ပညာရေးဘက်မှ တာဝန်ရှိသူများအချိန်မီ သုံးသပ်သင့်သော ပြဿနာပင်ဖြစ်သည်။

တချို့သောမိဘများသည် ၁၀၀ ဖိုးမေးသည့်မေးခွန်းမျိုးကို မကြိုက်ကြဟုဆိုသည်။ အစမ်းစာမေးပွဲတွင် ၎င်းတို့၏ကလေးများကျရှုံးမည်ကို စိုးရိမ်ပြီး ဆရာ ဆရာမများကို စောဒကတက်ကြသည်ဟုလည်းဆိုသည်။ မိဘများသည် စာမေးပွဲကျင်းပမှုနှင့်ပတ်သက်၍စောဒကတက်ခြင်းသည် သားသမီးများ၏ ပညာရည်အဆင့်အတန်းနိမ့်ကျအောင် ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများအနေဖြင့်လည်း သမာသမတ်ရှိမည်ဆိုလျှင် မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ပြတ်ပြတ်သားသားကိုင်တွယ်သွားသင့်ပေသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင်များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် သင်ကြားရေးတာဝန်ယူထားသည့် ပွဲကိုင်ရှင် ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ပေါ်တွင် များစွာမူတည်နေသလို သင့်တော်သည့်သင်ရိုးညွှန်းတမ်းများ၊ သင်ကြားပို့ချမှုနှင့် စာမေးပွဲစနစ်များ ရှိနေရန်လည်း လိုအပ်မည်ဖြစ်သည်။ ကလေးငယ်များ၏ သင်ခန်းစာကျွမ်းကျင်တတ်မြောက်မှု အရည်အချင်းကို စမ်းသပ်စစ်ဆေးနိုင်ရန်အဆင့်မီသောမေးခွန်းများနှင့်ပုံမှန်စစ်ဆေးမှုများ မပျက်မကွက်ပြုလုပ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် ပွဲကိုင်ရှင်ဆရာ ဆရာမများသည် သင်ကြားစီမံစွမ်းရည်များ မြင့်မားတိုးတက်နေစေရန်အတွက် ကိုယ်တိုင်လေ့လာဆည်းပူးလေ့ကျင့်မှုများ လိုအပ်မည်ဖြစ်သလို တာဝန်ရှိသူများအပိုင်းကလည်း ထိန်းကျောင်းကြပ်မတ်သွားရန်လိုအပ်မည်ဖြစ်သည်။ ထိုသဘောတရားကို အခြေခံလျက် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ပညာအရည်အသွေးတောက်ပြောင်မြင့်မားတိုးတက်လာကြပါစေ။ ။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရရေနံချက်လုပ်ငန်းများအား စွမ်းအင်ဝန်ကြီးဌာနမှ ကွင်းဆင်းစိစစ်၍ ယာယီလုပ်ငန်းလိုင်စင်များထုတ်ပေး

**ကြံခင်း နိုဝင်ဘာ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်နှင့်တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်များအတွင်းရှိ ဒေသန္တရရေနံချက်လုပ်ငန်းခွင်များသို့ နိုဝင်ဘာ ၁၈ရက်က ကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်က လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများသိရှိလိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဘေးထွက်ပစ္စည်း(သို့) စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး စည်းကမ်းနှင့်ညီညွတ်သော ဒေသန္တရရေနံချက်လုပ်ငန်းရှင် ကြံခင်းမြို့နယ်အတွင်း ၁၀ ဦး၊ မြန်အောင်မြို့နယ်အတွင်း ၁၁ ဦး၊ အင်္ဂပူမြို့နယ်အတွင်း လေးဦးတို့အား ယာယီလုပ်ငန်းလိုင်စင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြင့်၈)**

❐

## မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲ ဖျာပုံတွင်ကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၂၀**

မြန်မာ့အသံချစ်သူများ(Radio Fan Club) အဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(အသံလွှင့်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးဇေယျာ၊ လက်ထောက်ညွှန်ကြားရေးမှူး(သတင်း) ဦးစိုးမြင့်နှင့် မြန်မာ့အသံဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သတင်းမီဒီယာအဖွဲ့များ၊ မြန်မာ့အသံချစ်သူများနှင့် ဖိတ်ကြားထားသူများ အင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းမီဒီယာသမားများအား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ခြင်း၊ မီဒီယာဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခြင်းနှင့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းစသည့် တင်ဆက်ဆွေးနွေးဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(သပြေထွန်း)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာနယ်ပယ်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E.Mr. Olivier Richard တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကျော်နှင့် ဦးအောင်ရှင် (မုံရွာအောင်ရှင်)တို့ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနား
၂၀၁၆ခုနှစ် နိုဝင်ဘာလ(၂၇)ရက်နေ့
ရန်ကုန်တက္ကသိုလ်ဓိန်ရတုခန်းမ

နံနက် ၈း၃၀ မှ ၁၁း၀၀ နာရီ ရာပြည့်အထိမ်းအမှတ်အကြိုဖွင့်ပွဲနှင့် ကင်းထောက်ကြီးများတွေ့ဆုံပွဲ
(ဝံပုလွေ၊ ငှက်ပြာ၊ ကင်းထောက်၊ ကင်းထောက်ဆရာနှင့်ကင်းထောက်ကြီးများအားလုံး)
မွန်းလွဲ ၁၂း၃၀ မှ ၂း၃၀ နာရီ မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနား
ညနေ ၃း၀၀ မှ ၅း၃၀ နာရီ ရန်ကုန်တိုင်းပညာရေးမိသားစု ကင်းထောက်သရုပ်ပြနှင့်အနုပညာတင်ဆက်မှု



# တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်အတွင်းရှိ အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ စီဖြင့် အိမ်ထောင်စု စုစုပေါင်း ၁၄၁၃ စုအတွက် စုစုပေါင်းငွေကျပ် ၇၀၆၅၀၀၀၀ နှင့် ခေါင်းစွပ်ပါ အနွေးထည် ၂၆၀၀ ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း တာဝန်ရှိသူများက နိုဝင်ဘာ ၁၉ ရက်တွင် ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာ၌ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါမြို့နယ်များအတွင်းရှိ လယ်မြေများတွင် လွန်ခဲ့သည့်ရက်များက ကြွက်များလာရောက် ဖျက်ဆီးမှုကြောင့် ကျေးရွာအုပ်စုသုံးစု၊ ကျေးရွာပေါင်း ၃၀ မှ အိမ်ခြေ ၁၄၁၃ အိမ်၊ လူဦးရေ ၆၉၀၁ ဦးတို့မှ စိုက်ပျိုးထားသော လယ်စပါးသီးနှံ ၂၁၅ ဒသမ ၆၅ ဧကနှင့် ယာစပါးသီးနှံ ဧက ၁၂၃၀ တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက သိလျှင်သိချင်း လှူဒါန်းရန်ညွှန်ကြားခဲ့သဖြင့် ထောက်ပံ့ငွေနှင့် ခေါင်းစွပ်ပါ အနွေးထည်များကို လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း ဖောင်ဒေးရှင်းမှ သွားရောက်လှူဒါန်းခဲ့သော တာဝန်ရှိသူ ဒေါ်အိအိခိုင်က ဆိုသည်။

ဖောင်ဒေးရှင်းမှ သွားရောက်လှူဒါန်းခဲ့သော တာဝန်ရှိသူ ဒေါ်ဂျူလိုင်စိုးတင့်ကလည်း ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုသို့ အလှူငွေကျပ် သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်းကျပ် သိန်းပေါင်း ၁၄၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်ဒေသများတွင် အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးသွားရောက်ပြီး ထောက်ပံ့လှူဒါန်းငွေများလှူဒါန်းလျက်ရှိသကဲ့သို့ ဆောင်းရာသီတွင် ဝတ်ဆင်ရန် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှ ဝယ်ယူကာ အအေးဒဏ်လွန်ကဲနိုင်သော ဒေသများရှိ ပြည်သူများအတွက် အဆက်မပြတ် လှူဒါန်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**(၀၁၀)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးချုပ်တွင် စုပေါင်းလုပ်အားပေး

**ပျဉ်းမနား နိုဝင်ဘာ ၂၀**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်ရှိ ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားသည့် "ဖြူစင်သန့်ရှင်း" သန့်ရှင်းရေး လုပ်အားဒါနကုသိုလ်ပြုအဖွဲ့သည် အပတ်စဉ်စနေနေ့တိုင်း နေပြည်တော်ရှိ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများအား သန့်ရှင်းရေးလုပ်အားဒါန ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် (စနေနေ့) နံနက် ၆ နာရီခွဲက (၁၆)ကြိမ်မြောက် သန့်ရှင်းရေးလုပ်အားဒါနအဖြစ် နေပြည်တော်ရှိ ရုံးအမှတ်(၄၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရုံးတွင် ဝန်ထမ်းအင်အား ၄၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**

■



# (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရှင်အား ဂုဏ်ပြု

**ညောင်လေးပင် နိုဝင်ဘာ ၂၀**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာ အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ နိုင်ငံတော်အဆင့် စန္ဒရားအတီးပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ပဲခူးတိုင်းဒေသကြီးအဆင့်တွင် ပထမဆုရရှိခဲ့သူအား ညောင်လေးပင်မြို့နယ် ဂီတချစ်သူများမှ ကျင်းပသော ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားမှူး ဦးချစ်ချစ်ဆွေက ရွှေတံဆိပ်ဆုရှင် အောင်ဖြိုးမင်းထက်၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုတို့က ဝမ်းမြောက်ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ရွှေတံဆိပ်ဆုရှင် အောင်ဖြိုးမင်းထက်က ပဲခူးတိုင်းဒေသကြီးအဆင့်တွင် ပထမဆုရရှိခဲ့သော ဂန္ဓမာတောင်ဘွဲ့ သီချင်းနှင့် နိုင်ငံတော်အဆင့်တွင် ပထမဆုရရှိခဲ့သော တောသူအချစ် ကာလပေါ်တေးသီချင်းတို့ဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်ပြီး ရွှေတံဆိပ်ဆုရှင် အောင်ဖြိုးမင်းထက်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**နေလင်း(ညောင်လေးပင်)**



# မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ စားနပ်ရိက္ခာများ ထောက်ပံ့

**မောင်တော နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း စားနပ်ရိက္ခာများ ပို့ဆောင်ထောက်ပံ့လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်တောင်ဘက်ပိုင်းရှိ ပန်းတောပြင်၊ ရွာသစ်ကေ၊ တပ်ဦးချောင်း၊ ဂေါ်ဒူသာရ၊ ဥဒေါင်းကျေးရွာများသို့သွားရောက်၍ ဒေသခံလူထုနှင့်တွေ့ဆုံကာ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ငါးခြောက်စသည့် စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်သည်။

ယင်းသို့ ဒေသခံများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေရေးထိုင်ရေး၊ ကျန်းမာရေးစသည့် အခက်အခဲများကိုမေးမြန်းရာ လုံခြုံရေးအခြေအနေကြောင့် သွားရေးလာရေးအတွက်သာ အခက်အခဲရှိပြီး ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် အခက်အခဲမရှိကြကြောင်း ဒေသခံများက ပြန်လည်ပြောကြားကြသည်။

ဂေါ်ဒူသာရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်က “တိုင်းရင်းသား ကျေးရွာတွေမှာတော့ စာသင်ကျောင်းတွေ ပြန်ဖွင့်နေပါပြီ။ အခြားရွာတွေမှာတော့ ပြန်ဖွင့်တာမတွေ့ရသေးပါဘူး”ဟု ပြောသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဒေသခံပြည်သူများအား စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေသည့် လူနာများကို အားပေးနှုတ်ဆက်ကြသည်။

ယင်းနောက် မောင်တောမြို့နယ် မြောက်ဘက်ပိုင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် အောင်ဇေယျ၊ အောင်သာယာနှင့် အောင်မင်္ဂလာကျေးရွာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်မှုနှင့်အတူ ကလေးငယ်များအတွက်လည်း ကစားစရာအရုပ်များ ပေးအပ်ကြသည်။

အောင်မင်္ဂလာကျေးရွာမှ ရွာသားတစ်ဦးက “ရွာလုံခြုံရေးအတွက် ညဘက်မှာ ကင်းစောင့်တာဝန်ချထားတာတွေ လုပ်ဆောင်နေရပါတယ်။ စာသင်ကျောင်းတွေလည်း ပြန်ဖွင့်နေပါပြီ။ ဒါပေမယ့် နယ်ဝေးကဆရာ ဆရာမတွေကတော့ ပြန်မရောက်ကြသေးပါဘူး။ ပညာရေးအတွက် ဆရာအင်အား နည်းပါတယ်”ဟု ပြောသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်မှ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကလေးငယ်များအတွက် မုန့်နှင့်အရုပ်များ ပေးအပ်ခဲ့သည်။

“ကျွန်တော်တို့ ဒီကနေ့မနက် မောင်တောမြို့နယ်မှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့နေရာတွေကို သွားခဲ့ပါတယ်။ တိုင်းရင်းသားကျေးရွာ လေးရွာနဲ့ အခြားရွာလေးရွာကို သွားခဲ့ပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေကြောင့် သွားလာရေးခက်ခဲနေတဲ့ဒေသခံတွေဆီကို အဓိကလိုအပ်နေတဲ့ ဆန်၊ ဆီ၊ ပဲ စတဲ့ စားနပ်ရိက္ခာတွေ သွားရောက်ထောက်ပံ့ခဲ့တာပါ။ ရောက်ခဲ့တဲ့ ရွာရှစ်ရွာစလုံးမှာ ငါးနှစ်အောက် ကလေးငယ်တွေအားလုံးက ကျန်းမာရေးကောင်းမွန်နေကြတာကို တွေ့ရပါတယ်။ ကောလာဟလပြောနေကြသလို ကလေးငယ်တွေ အာဟာရချို့တဲ့နေတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သတင်းမီဒီယာများအား ပြောကြားသည်။

**အေဝမ်းစိုး(ကြေးမုံ)**

# အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူ ၆၀ အား ကြက်ရိုးပြင်ကျေးရွာအတွင်းမှ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကွပ်ကဲမှုအောက်ရှိ ငါးခူရနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းစဉ် ယမန်နေ့ ညနေ ၄ နာရီခန့်က မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာအတွင်းမှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူ ၆၀ အား ထပ်မံဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းစဉ် အောက်တိုဘာ ၁၁ ရက်တွင် ကြက်ရိုးပြင်ကျေးရွာ၊ လောင်းတုံကျေးရွာနှင့် ပြောင်ပိုက်ကျေးရွာများအနီးပတ်ဝန်းကျင်၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးကျဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ရာ အဆိုပါဖြစ်စဉ်များနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





# မောင်တောမြို့နယ် ငန်းချောင်းကျေးရွာ၌ မသင်္ကာသူ ၃၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များကြောင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး နယ်မြေရှင်းလင်းလျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက နယ်ခြားစောင့်ရဲတပ်ဖွဲ့က မောင်တောမြို့နယ် ငန်းချောင်းကျေးရွာတွင် မသင်္ကာသူ ၃၃ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။


အဆိုပါ ဖမ်းဆီးရမိသူများမှာ နိုဝင်ဘာ ၁၂ ရက်က မယင်းချောင်းကျေးရွာတွင် ထိတွေ့မှုဖြစ်ပွားစဉ်ပါဝင်ခဲ့ကြပြီး တိမ်းရှောင်သွားသည့် မသင်္ကာသူများဖြစ်ကြောင်း၊ ၎င်းတို့မှာ ဖားဝပ်ချောင်းကျေးရွာနေ အော်လီဟူးဆောင်(ဘ)အာမိရ် အပါအဝင် ခုနစ်ဦး၊ မျောတောင်ကျေးရွာမှ ကိုးဦးနှင့် ပွင့်ဖြူချောင်းကျေးရွာမှ ၁၇ ဦး စုစုပေါင်း ၃၃ ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


**(သတင်းစဉ်)**


■


**ဥတုရာသီ တောက်ပိုမှီ၏**


## ပြည်တွင်းရေးရာ




❒ **ကျောဖုံးမှ**

ဎင်းအဖွဲ့သည် အရှေ့တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း။

ယနေ့နံနက် ၂ နာရီခွဲခန့်ကလည်း မူဆယ်မြို့နယ် မုံးကိုးမြို့ ရပ်ကွက် (၆) မုံးကိုးနယ်မြေရဲစခန်းအရှေ့ဘက်ရှိ တပ်စခန်းကုန်းအား KIA နှင့် MNDAA ပူးပေါင်းအင်အား ၂၀၀ ခန့်မှလည်းကောင်း၊ ဖောင်းဆိုင်တပ်စခန်းအား အင်အား ၁၀၀ ခန့်မှလည်းကောင်း၊ မန်ကန်တပ်စခန်းအား အင်အား ၈၀ ခန့်မှလည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ ဎင်းအဖွဲ့များ ပြန်လည်ဆုတ်ခွာသွားကြောင်း။

ယနေ့နံနက် ၆ နာရီခန့်တွင်လည်း KIA နှင့် MNDAA ပူးပေါင်းအဖွဲ့ အင်အား ၅၀ ခန့်သည် ကြူကုတ်-ပန်ဆိုင်းနယ်မြေ ရပ်ကွက်(၁)ရှိ တပ်စခန်းအား အနောက်ဘက်တောင်ကြောမှလည်းကောင်း၊ ပန်ဆိုင်းနယ်မြေရဲစခန်းအား ရပ်ကွက်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်လည်းကောင်း လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ ဎင်းအဖွဲ့သည် ပြန်လည်ဆုတ်ခွာသွားကြောင်း။

ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်ကလည်း မူဆယ်မြို့မရဲစခန်း၏ တောင်ဘက် ၁၈ မိုင်ခန့်အကွာ လားရှိုး-မူဆယ်လမ်းမကြီးပေါ်ရှိ နန့်ပေါ် တံတားလုံခြုံရေးရဲကင်းအား အရှေ့မြောက်ဘက်တောင်ကုန်းမှ TNLA အင်အား ၁၀၀ ခန့်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်မှုနှင့်အတူ ဎင်းစခန်းသို့ တပ်မတော်စစ်ကြောင်းမှ သွားရောက်ပူးပေါင်းစဉ် TNLA အင်အား ၄၀ ခန့်ဖြင့် ထိတွေ့မှုဖြစ်ပွားပြီး ဎင်းအဖွဲ့များသည် အရှေ့ဘက်နှင့်အနောက်ဘက်သို့ နှစ်ဖွဲ့ခွဲ၍ ပြန်လည်ဆုတ်ခွာသွားကြောင်းနှင့် ဎင်းဖြစ်စဉ်တွင် တပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦး ကျဆုံး၊ ပြည်သူ တစ်ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိခဲ့ကာ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ငါးလက် ဆုံးရှုံးခဲ့ကြောင်း၊ ဎင်းတံတားကြမ်းခင်း


မူဆယ်မြို့၊ ၁၀၅မိုင်၊ ပစ်ခတ်မှုဖြစ်စဉ်တွင် ထိခိုက်မိသည့် ဒဏ်ရာရပြည်သူတစ်ဦး

တွင်လည်း နှစ်ပေခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း။

ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် မူဆယ်မြို့မရဲစခန်း၏ အရှေ့တောင်ဘက် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းဇုန်နှင့် ဎင်းအနီးရှိ တပ်စခန်းသို့ KIA နှင့် TNLA ပူးပေါင်းအင်အား ၁၅၀ ခန့်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သကဲ့သို့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ပန်ဆန်း မောင်းတံ ဂိတ်ကိုလည်း TNLA ၃၀ ခန့်က ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ ဎင်းအဖွဲ့များ ပြန်လည်ဆုတ်ခွာသွားကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ပြည်သူ့စစ်တစ်ဦးနှင့် ပြည်သူနှစ်ဦး ထိခိုက်သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦး၊ အကောက်ခွန်ဝန်ထမ်း နှစ်ဦးနှင့် ပြည်သူ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိကာ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ သုံးလက် ဆုံးရှုံးခဲ့ကြောင်း။

ယနေ့ နံနက် ၈ နာရီခန့်တွင်လည်း မူဆယ်မြို့ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်ရှိ ကျင်စမ်းကျော့(ဟိုနောင်) ရဲကင်းအား TNLA အင်အား ၅၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ ဎင်းအဖွဲ့သည် ပြန်လည်ဆုတ်ခွာသွားကြောင်း။

ထို့ပြင် ယနေ့နံနက် ၃ နာရီခွဲခန့်က ကွတ်ခိုင်မြို့နယ် ဆွမ်လုံကျေးရွာအနီး လားရှိုး-မူဆယ်လမ်းမကြီး မိုင်တိုင်အမှတ်(၂၉၁/၁)အနီးမှ ပေ ၂၀ ခန့်ရှိသော ဆွမ်လုံတံတားပေါ်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ တံတားကြမ်းခင်းတွင် တစ်ပေပတ်လည်ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အလားတူ ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က နန့်ပေါ်တံတားအား မိုင်းဖြင့် ဖေါက်ခွဲမှုနှင့်အတူ တံတားအနီးရှိ ဈေးဆိုင် သုံးဆိုင်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယနေ့နံနက် ၁၀ နာရီခွဲခန့်က လားရှိုး-မူဆယ် လမ်းမကြီးပေါ်ရှိ သိန္နီမြို့နယ်မှ နမ့်မတူ တံတားအား ယာဉ်ဖြင့် ဗုံးဖောက်ခွဲခဲ့ရာ ဖြတ်သန်းသွားလာလျက်ရှိသော ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် တံတားလည်း ကြမ်းခင်းနှင့် လက်ရန်းများ အနည်းငယ်ပျက်စီးခဲ့ကြောင်း။

ထိုကဲ့သို့ KIA၊ TNLA နှင့် MNDAA ပူးပေါင်းအဖွဲ့များက အလစ်အငိုက် ရယူပြီး ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်ခဲ့မှုကြောင့် စုစုပေါင်းတပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ ပြည်သူ့စစ် တစ်ဦး၊ ပြည်သူသုံးဦး ပေါင်းရှစ်ဦး ကျဆုံး/သေဆုံးခဲ့ရပြီး ရဲတပ်ဖွဲ့ဝင် ကိုးဦး၊ အကောက်ခွန်ဝန်ထမ်း နှစ်ဦး၊ ပြည်သူ ၁၈ ဦး ပေါင်း ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိကာ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ရှစ်လက်ဆုံးရှုံးခဲ့ကြောင်း။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်သူများအား တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်လျက်ရှိပြီး ပြည်သူတို့၏အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# မြောက်ဥက္ကလာ (၄)ရပ်ကွက် သုနန္ဒာလမ်းဘေးရေကန်ထဲမှ တွေ့သည့်စပါးကြီးမြွေ သတ္တဝါသဘာဝ လွတ်လပ်စွာသွားနိုင်သည့် လှော်ကားဥယျာဉ်ဘေးမဲ့တောသို့ လွှတ်မည်



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏စီစဉ်မှုဖြင့် (၄)ရပ်ကွက် သုနန္ဒာလမ်းဘေးရှိ ပြည်သူအများသုံး ရေကန်ကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကန်အတွင်းပတ်လည်ရှိ မြက်ချုံနွယ်အမှိုက်များကို စနေ အထူးသန့်ရှင်းရေးအဖြစ် ခုတ်ထွင်ရှင်းလင်းကြရာ ကန်မြောက်ဘက်ခြမ်းချုံနွယ်ကြား၌ နှစ်ကြာစပါးကြီးမြွေတစ်ကောင် ငြိမ်သက်စွာ ရစ်ခွေနေသည်ကိုတွေ့ရှိသဖြင့် ဖမ်းဆီးပြီး သုနန္ဒာလမ်းပေါ်ရှိ နှစ်ကျိပ်ရှစ်ဆူ ဘုရားဝင်းအတွင်း ရေတိုင်ကီထဲ ခေတ္တထည့်ထားသည်။

ထိုနှစ်ကြာ စပါးကြီးမြွေမှာ အရှည် ကိုးပေ၊ လုံးပတ် ၁၄ လက်မခန့်ရှိပြီး တွေ့ရှိသောနေရာမှ လူခြောက်ဦးနှင့်မ၍ နှစ်ကျိပ်ရှစ်ဆူဘုရားဝင်းအတွင်း သယ်ဆောင်ခဲ့ကြသည်။ ယင်းစပါးကြီးမြွေထားရှိသော ဘုရားဝင်းအတွင်းတစ်ဆင့်စကားတစ်ဆင့်ကြားဖြင့်ပြည်သူများလာရောက်ကြည့်ရှုကြသည်။ “ဒီရေကန်ပေါင်ပေါ် ကလေးတွေ ကစားကြတယ်။ ရေခပ်ကြတယ်။ တစ်ခါမှ အန္တရာယ်ပေးတယ်လို့ မကြားဖူးပါဘူး”ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

“ဒီစပါးကြီးမြွေကကြီးတော့ နောက်ပိုင်းကလေးတွေအတွက် စိုးရိမ်စရာဖြစ်လို့ သတ္တဝါသဘာဝလွတ်လပ်စွာ သွားလာနိုင်တဲ့ လှော်ကားဥယျာဉ်ဘေးမဲ့တောကို ပို့ဆောင်လွှတ်ပေးမှာဖြစ်ပါတယ်”ဟု (၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းက ပြောသည်။

**(ထွန်းဝင်း)**

# မူဆယ်(၁၀၅)မိုင်အနီးမှ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန် မူဆယ်မြို့ပေါ်တွင် နေရာချထားပေး

**မူဆယ် နိုဝင်ဘာ ၂၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် (၁၀၅)မိုင်အနီးတွင် နိုဝင်ဘာ ၂၀ ရက်က တိုက်ပွဲထိတွေ့မှုကြောင့် ၎င်းဒေသမှ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးရန်အတွက် စာရင်းများကောက်ယူကာ မူဆယ်မြို့ပေါ်တွင် နေရာချထားပေးလျက်ရှိကြောင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းက ပြောသည်။

စစ်ဘေးရှောင်ပြည်သူများစာရင်းကောက်ယူရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပလောင်၊ ရခိုင်၊ ကချင်၊ မြန်မာယဉ်ကျေးမှုအဖွဲ့များက ဆောင်ရွက်နေပြီး ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားရှိခိုးကျောင်းများတွင် နေရာချထားပေးမည်ဖြစ်ကြောင်းသိရသည်။

"(၁၀၅)မိုင်ဘက်က အသင်းနဲ့ပတ်သက်သူတွေ၊ အသီးလာရောင်းတဲ့သူတွေ၊ ရွှေ့ပြောင်းလာကြသူတွေကို မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းနေရာမှာ လတ်တလောနေရာချထားပေးထားတယ်။ နယ်ကနေမူဆယ်ဘက်လာရင်း မပြန်နိုင်တဲ့သူတွေရောရှိတယ်။ ခုမှ စဝင်လာတာဆိုတော့ အင်အားအတိအကျမရသေးဘူး"ဟု ၎င်းကပြောသည်။

အဆိုပါ တိုက်ပွဲထိတွေ့မှုမှာ နံနက် ၂ နာရီခန့်က စတင်ဖြစ်ပွားခဲ့ပြီး မွန်းလွဲပိုင်းအထိ ထိတွေ့မှုများရှိနေသေးကြောင်း၊ လက်ရှိအခြေအနေတွင် စစ်ဘေးရှောင်ပြည်သူဦးရေ ခန့်မှန်း ၅၀၀ အထက်ရှိနေပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စာရင်းအတိအကျရရှိရန် ဆောင်ရွက်နေကြောင်းသိရသည်။

"ထိတွေ့မှုကြောင့် လမ်းတွေပိတ်ထားတော့ ခရီးသွားတွေလည်း ပြန်မရဘဲပိတ်မိနေတယ်။ ကွတ်ခိုင်မှာလည်း တက်လာမယ့်ကားတွေပိတ်ထားရတယ်။ ပျက်စီးမှုတွေနဲ့ ထိခိုက်ဒဏ်ရာရထားတဲ့သူတွေရှိလို့ ဆေးရုံပို့ထားပါတယ်"ဟု ဆက်လက်ပြောကြားသည်။



ထိတွေ့မှုဖြစ်စဉ်ကြောင့် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းထိ မူဆယ်မြို့ဆေးရုံသို့ရောက်ရှိလာသော ဒဏ်ရာရရှိသူ ၃၀ တွင် လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**



# သိန္နီမြို့နယ် နမ့်မတူတံတားပေါ်တွင် ပါဂျဲရိုးယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွား

**သိန္နီ နိုဝင်ဘာ ၂၀**
ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် လားရှိုး-မူဆယ်လမ်းမကြီးပေါ်ရှိ နမ့်မတူတံတားပေါ်တွင် ယနေ့နံနက်ပိုင်းက ပါဂျဲရိုးယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားကာ ပြည်သူသုံးဦး ဒဏ်ရာရရှိခဲ့ပြီး တံတားအနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

သိန္နီမြို့နယ်ရှိ နမ့်မတူချောင်းကူးသံကူကွန်ကရစ်တံတားပေါ်တွင် ယနေ့နံနက် ၁၀ နာရီခွဲခန့်က ကွတ်ခိုင်ဘက်မှ ထွက်ခွာလာသော အစိမ်းရင့်ရောင် ပါဂျဲရိုးယာဉ်တစ်စီး ရောက်ရှိရပ်တန့်ခဲ့သဖြင့် တံတားလုံခြုံရေးအဖွဲ့က ရပ်တန့်ခြင်း မပြုရန်ပြောဆိုစဉ် ယာဉ်မောင်းအမျိုးသားသည် ကားပေါ်မှ အထုပ်တစ်ထုပ် ကျကျန်ခဲ့၍ သွားယူမည်ဟုပြောဆိုပြီး တံတားပေါ်၌ ယာဉ်ကို ရပ်တန့်ခဲ့ကာ တံတား၏အနောက်ဘက်ခြမ်းသို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းထွက်ပြေးသွားစဉ် ရပ်တန့်ထားခဲ့သည့်ယာဉ်မှာ ပေါက်ကွဲမှုဖြစ်ပွားပြီး ချောင်းအတွင်းသို့ပြုတ်ကျသွားခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါပေါက်ကွဲမှုကြောင့် တံတားပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသည့် သိန္နီမြို့နယ် ကောင်းဟော်ကျေးရွာနေ ဦးထွန်းအေးမှာ(စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ပြီး သိန္နီမြို့နေ မနန်းတင်မျိုးခိုင်နှင့် မောင်ဇွဲထက်ကိုတို့မှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြသဖြင့် သိန္နီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း၊ ယာဉ်ပေါက်ကွဲမှုနှင့် ချောင်းအတွင်း ပြုတ်ကျမှုကြောင့် တံတားကြမ်းခင်းတွင် အကျယ် ခြောက်ပေ၊ အရှည် ၁၀ ပေခန့် ပေါက်ထွက်ခဲ့ပြီး တံတားညာဘက် လက်ရန်း ပေ ၁၀၀ ခန့်နှင့် ဝဲဘက်လက်ရန်းတွင် ပေ ၇၀ ခန့်စီ ကျိုးပဲ့ပျက်စီးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အနီးတစ်ဝိုက်တွင် သိန္နီမြို့နယ် မန်ချက်ကျေးရွာနေ အိုက်အော(ခ)အောင်ဇေယျအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ဒေါပုံမြို့နယ်ရှိ Capital Hypermarket တွင် ပေါက်ကွဲမှု သုံးကြိမ်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ Capital Hypermarket တွင် ယနေ့ ညနေ ၆ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။

"ပထမတစ်ခေါက် အုန်းဆိုတဲ့အသံကြားတော့ ကျွန်တော်တို့ ပေါက်ကွဲတဲ့နေရာက အပိုင်းအစတွေကို ဝိုင်းကောက်သေးတယ်။ နောက်တစ်ချက်ပေါက်တော့ ကျွန်တော်တို့တွေလည်း အကုန်အပြင်ထွက်ကြတယ်" ဟု Hypermarket တွင် တာဝန်ထမ်းဆောင်သူ ဝန်ထမ်းတစ်ဦးက ပြောသည်။

ထို့ပြင် Hypermarket ရှိ သွယ်နီကျောက်မျက်ပန်းချီဆိုင်တွင် မန်နေဂျာတာဝန်ဖြင့် တာဝန်ထမ်းဆောင်နေသော ကိုအောင်သန်းမြင့်က "ပထမတစ်လုံးက ဘာမှန်းကိုမသိဘူး။ Air-con ရှော့ခ်ဖြစ်သလိုလို ဘာလိုလိုနဲ့ဆိုတော့ ပထမတစ်ခုဖြစ်တဲ့အချိန် ကျွန်တော်တို့က ဆိုင်မပိတ်သေးဘူး။ နောက်တစ်ခုဖြစ်တော့ ဘေးဆိုင်တွေက ပိတ်ပြီးပြန်ကြတယ်။ ကျွန်တော်တို့လည်း ဆိုင်ပိတ်ပြီး အောက်ဆင်းတော့ နောက်တစ်ခေါက်ထပ်ကြားရတယ်။ အားလုံးပေါင်း သုံးခါ။ အပေါ်ထပ်တစ်ခါ၊ အောက်ထပ်မှာနှစ်ခါ"ဟု ပြောသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာသို့ တပ်မတော်မိုင်းရှင်းလင်းရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ဌေးအောင်**




# ကြက်ခြံ မီးလောင်မှုဖြစ်ပွား

**သနပ်ပင် နိုဝင်ဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဘူတာပိုင်း တဝက်ဇရပကြက်ခြံ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

၎င်းခြံ၏ပိုင်ရှင် ဦးခင်ဇော်(၄၄)နှစ် ထမင်းချက်ရာမှ မီးပွားလွင့်စဉ်၍ ကြက်ခြံဟောင်းအား ကူးစက်လောင်ကျွမ်းခဲ့ပြီး ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးကိုပေါ့လျော့စွာသုံးစွဲခဲ့သည့် ကြက်ခြံပိုင်ရှင်အား တရားဆွဲဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# စစ်ဘေးရှောင်ရခိုင်တိုင်းရင်းသားများ ပရဟိတရန်ပုံငွေရရှိရေး မိုင်ရှည်ခရီး စက်ဘီးစီးနင်း

**ပေါက်တော နိုဝင်ဘာ ၂၀**
ရခိုင်ပြည်နယ် မောင်တောမြို့ရှိ စစ်ဘေးရှောင်ရခိုင်တိုင်းရင်းသားများ၏ ပရဟိတရန်ပုံငွေရရှိရေး မိုင်ရှည်ခရီးစက်ဘီးစီးနင်း၍ ဦးဥတ္တမလမ်းထိပ် အထကကျောင်းရှေ့မှ စတင်၍ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော်သို့ စတင်ထွက်ခွာသည်။

အဆိုပါခရီးစဉ်၏ ရည်ရွယ်ချက်မှာ မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားနေ၍ လုပ်ကိုင်စားသောက်ရန် အခက်အခဲရှိနေကြသော ဒေသခံရခိုင်တိုင်းရင်းသားများအတွက် အကူအညီများ ရန်ပုံငွေစုဆောင်းပေးနိုင်ရန် ရည်ရွယ်ပြီး ပရဟိတရန်ပုံငွေရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် စက်ဘီးစီးလှုပ်ရှားမှုပေးနိုင်ရေးကို ပေါက်တောမြို့ အနောက်ပိုင်းရပ်ကွက်နေ (ဘ)ဦးထွန်းသာအောင်၏သား မောင်ခိုင်ဘိုဘို (၂၁)နှစ် လက်ရှိ တတိယနှစ်တက္ကသိုလ်ကျောင်းသားနှင့် အရှေ့ပိုင်းရပ်ကွက်နေ (ဘ)ဦးမောင်ဦးကျော်၏ သား မောင်ကျော်မြင့်ဌေး(၂၂)နှစ်တို့သည် စစ်တွေခရိုင် အား/ကာမှ ထုတ်ပေးသည့် စက်ဘီးနှစ်စီးဖြင့် နေပြည်တော်သို့ မိုင်ရှည်ခရီး စီးနင်းထွက်သွားကြပြီး နေပြည်တော်မှ ရန်ကုန်၊ ရန်ကုန်မှ ရခိုင်ပြည်နယ် တောင်ကုတ်ရိုးမလမ်းအတိုင်း စက်ဘီးစီးနင်းပြန်လာကြမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# မြန်မာဝိုင်အမ်စီအေ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းများကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

လူထုအတွင်း နှစ်သိမ့်ဆွေးနွေးခြင်း ပြုလုပ်နိုင်မည့် စေတနာ့ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ပေးရန်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အရည်အသွေးမြှင့်တင်ပေးရန် ရည်ရွယ်၍ မြန်မာဝိုင်အမ်စီအေ နှစ်သိမ့်ဆွေးနွေး အားပေးခြင်း စင်တာ(ရန်ကုန်)မှ ကြီးမှူးပြီး အခြေခံ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း ဒုတိယအကြိမ်သင်တန်းကို ရန်ကုန်ဝိုင်အမ်စီအေ နှစ်သိမ့်ဆွေးနွေးအားပေးခြင်း စင်တာတွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့သည်။



သင်တန်းကို နှစ်သိမ့်အားပေးခြင်း စင်တာ(ရန်ကုန်)၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်တိုးချဲ့လုပ်ဆောင်သွားမည့် ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ ဒလနှင့် လှိုင်သာယာမြို့နယ်များမှ လက်တွဲလုပ်ဆောင်သွားမည့် စေတနာ့ဝန်ထမ်းသင်တန်းသား ၄၀ ကို ဂျာမနီနိုင်ငံမှ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် သုံးဦးက အခြေခံ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း ပညာရပ်များပို့ချပေးခဲ့သည်။

ယင်းအခြေခံသင်တန်းမှ ပထမအကြိမ်နှင့် ဒုတိယအကြိမ် စေတနာ့ဝန်ထမ်းသင်တန်းသားများအား ထပ်မံရွေးချယ်ကာ အဆင့်မြှင့်နှင့်ဆရာအဆင့်သင်တန်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလနှင့် အောက်တိုဘာလတွင် ထပ်မံဖွင့်လှစ်သင်ကြားမည်ဟု သိရသည်။ **ကိုလတ်(သတင်းစဉ်)**

# ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ (၁၇)ကြိမ်မြောက် ဩဝါဒခံယူပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ဘုရားကြီး၏ ပြတိုက်တော်အတွင်း၌ ကျင်းပခဲ့သည်။

ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဂေါပကအဖွဲ့၏ ယခုနှစ် ဒုတိယခြောက်လပတ် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဂေါပကကြီးကြပ်ရေးအဖွဲ့မှ လျှောက်ထားတင်ပြကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာ မြွက်ကြားရာ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုဒ္ဒိဗလ၊ အင်းစိန်မြို့နယ် ဝါဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသုနန္ဒတို့က ဩဝါဒကထာများ မြွက်ကြားခဲ့ကြသည်။ ဆက်လက်ပြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသမှ ရေစက်ချ အနုမောဒနာတရားဟောကြားခဲ့ကြောင်း သိရသည်။

**မျိုးသန့် (IPRD)**

# လက်ခိုက်ကျေးရွာတွင် ဆိုင်ကယ်ပြင်သင်တန်းဆင်း

**ကော့မှူး နိုဝင်ဘာ ၂၀**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ ငြိမ်းကျောင်းတိုက်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက ဆိုင်ကယ်တစ်စီးလုံးအား ဖြုတ်ခြင်း၊ တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း အခြေခံသဘောတရားများကို စာတွေ့၊ လက်တွေ့ ရက် ၂၀ ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ ငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို နေပြည်တော် Park Royal Hotel တွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် ဇော်ဝင်း၊ လုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ အရာရှိကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ လုပ်ငန်းအဖွဲ့ အစည်းအဝေးသည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များအလိုက် ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံအမျိုးမျိုးကို ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရေးနှင့် နိုင်ငံတကာ၏ စံနှုန်းများနှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများ ကျင့်သုံးအကောင် အထည်ဖော်နိုင်ရေးနှင့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ယခင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပထမ ငါးနှစ်စီမံကိန်း (၂၀၀၇-၂၀၁၁) နှင့် ဒုတိယ ငါးနှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) တို့၏ အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ခြင်း၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ မြေပြင်ကွင်းဆင်းလေ့လာခြင်း (Ground Servey)လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ VICTORY MYANMAR GROUP Co.,Ltd ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် T&T Group မှ စီစဉ်ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ရန်တိုင်းအောင်(Adventure)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)၊ သားကျော်ဖြောင့်(သထုံ T&T) နှင့် ဟံသာဝတီ(အဖြူရောင်သွေးသစ်)၊ စောထူးအော်(ဒို့ရိုးရာ)နှင့် ကျားဗဟိန်း (ဝင်းထွန်းTzi )၊ မိုက်ရိုင်း(ရွှေဖူး)နှင့် ထွန်းလွင်မိုး (နဂါးမာန်)၊သွေးသစ်ဝင်းလှိုင် (ရွှေမိုးထိ)နှင့် ဖိုးလပြည့် (ရွှေဖူး)၊တူးတူး(နဂါးမာန်/မြန်မာ)နှင့် Matteo Celi (Muay Thai/ Peru)တို့၏တွဲဆိုင်းများ၊ အထူးသုံးချီ၊ လေးချီစိန်ခေါ်ပွဲများနှင့် စုစုပေါင်း ၁၁ တွဲ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ရုံဝင်ခများအဖြစ် ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀နှင့် ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး လက်မှတ်များကို သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ အားကစားပြိုင်ပွဲရုံ ဖုန်း-၀၉-၄၂၀၀၆၉၂၀ နှင့် ၀၉-၇၇၃၈၀၇၁၅၁ တို့၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**ယမန်နေ့မှအဆက်**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၆ | ငွေဒေး(ဟသ်ာတ) | ဓမ္မဖြင့်ရဲရင့်ခြင်း | ၈၀၀ိ/- | သုဒန္တစာပေ |
| ၄၇ | ဉာဏ်ကြွယ် | MIဖုန်းအသုံးပြုနည်းမျိုးစုံ | ၃၀၀၀ိ/- | မနောဖြူစာပေ |
| ၄၈ | မြသစ္စာ | သစ်သစ်မြင့်ဆိုင်ရဲ့နှလုံးသားသွေးစက်များ | ၂၀၀၀ိ/- | မျိုးမြန်မာစာပေ |
| ၄၉ | မြင့်ထွန်း B.A(geog) | တရုတ်ဝေါဟာရ ၃၀၀ ဖြင့် အလွယ်ကူဆုံးတရုတ်စကားပြော | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၀ | ဆူးသစ်နီ | ဒီမိုကရက်တစ်နိုင်ငံတော်သစ်အတွက် (ကျင့်ဝတ်-၇၀) | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၁ | ဆူးသစ်နီ | ခရီးသွားလုပ်ငန်း(TOURISM) | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၃ | ဆူးသစ်နီ | ဘာလီကျွန်းတစ်ခေါက်နှင့်မလေးရှားသို့ အလည်အပတ်ခရီး | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၄ | ဆလိုင်းဟန်လင်း | ကမ္ဘာတစ်လွှားချင်းအမျိုးများ | ၇၀၀ိ/- | သုဒန္တစာပေ |
| ၅၅ | စလင်း-ဦးအောင်သိန်း | အဆိပ်ရှိသောငွေနှင့်ဥပဒေရေးရာဆောင်းပါးများ | ၁၅၀၀ိ/- | ဖြိုးစာပေ |
| ၅၆ | ဦးမြတ်သူ | နေ့စဉ်နေခိုက်ပွားများလက်တွေ့ဝိပဿနာ | ၂၅၀၀ိ/- | မြင့်မြတ်စာပေ |
| ၅၇ | မောင်ဝင်းနိုင်(ငါ့သရောက်) | ဟိုးရှေးရှေးတုန်းကပုံပြင်များ အမှတ် (၂) | ၅၀၀ိ/- | ရင်ငြိမ်းစာပေ |
| ၅၈ | နန်းမိုးခမ်း | တွေးမြင်ခံစားဒဿနများ | ၁၂၀၀ိ/- | ရန်အောင်စာပေ |
| ၅၉ | အရှင်ကေလာသ | အာနာပါနအဖွင့် | ၈၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၆၀ | Saya Harry Khoo | အင်္ဂလိပ်လိုဖတ်မယ်ပြောမယ်(၂) | ၂၀၀၀ိ/- | လဝန်းစာပေ |
| ၆၁ | သန်းဝင်းလှိုင် | ရာဇဝင်ထဲကလရာသီ | ၃၅၀၀ိ/- | လဝန်းရိပ်စာပေ |
| ၆၂ | သန်းဝင်းလှိုင် | သမိုင်းတစ်ကွေ့မှ မြန်မာ့သမိုင်းဝင်စာချုပ်များ | ၃၅၀၀ိ/- | လဝန်းရိပ်စာပေ |
| ၆၃ | ဦးအောင်ခိုင်မြင့် | ကြွယ်ဝချမ်းသာလာအောင် ဘယ်လိုပြုမူဆောင်ရွက်ကြမလဲ | ၃၀၀၀ိ/- | မဖြိုမ |
| ၆၄ | နေဦးဝေ | သန်းခေါင်ယံတံခါးခေါက်သူ | ၅၀၀၀ိ/- | သင်းစာပေ |
| ၆၅ | မြတ်ငြိမ်း | ထူးချွန်ခြင်းဆိုသည်မှာမတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ် | ၂၀၀၀ိ/- | သဟဇာတစာပေ |
| ၆၆ | ဆရာဦးဝင်းနိုင်ဦး | အင်္ဂလိပ်စကားအသုံးအနှုန်းများ | ၂၅၀၀ိ/- | အရုဏ်သစ်စာပေ |
| ၆၇ | တက္ကသိုလ်စိန်တင် | မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် ရခိုင်အမျိုးသားခေါင်းဆောင်ဦးညိုထွန်း | ၃၅၀၀ိ/- | အားမာန်သစ်စာပေ |
| ၆၈ | သန်းဝင်းလှိုင် | လူထုချစ်သောထိုင်းဘုရင်မင်းမြတ် | ၂၀၀၀ိ/- | အိပ်မက်သစ်စာပေ |
| ၆၉ | ကိုကိုလင်း(အမေ့အိမ်) | သစ်ပင်တွေရဲ့နှလုံးသားနှင့်အခြားကဗျာများ | ၁၅၀၀ိ/- | ကောင်းထွဋ်စာပေ |
| ၇၀ | အောင်မြတ်ကျော် | ကမ္ဘာကြီးရဲ့ဂန္ထဝင်ခရီးရှည် | ၁၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၇၁ | ဦးတင်ထွန်း | စံပြအင်္ဂလိပ်စာစာစီစာကုံးနှင့်ပေးစာများ | ၂၀၀၀ိ/- | ဖေယျာမိုးစာအုပ်တိုက် |
| ၇၂ | ရွှေရည်ဦးစာပေ | သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်း (သို့မဟုတ်)ပန်းသီးစားပြီးသည်းခြေကျောက်ဖယ်ရှားနည်း(ကိုယ်တွေ့နည်း) | ၅၀၀၀ိ/- | ရွှေရည်ဦးစာပေ |
| ၇၃ | ဆရာဦးသန်းလွင် | အင်္ဂလိပ်စာသင်ယူလေ့လာနည်း | ၂၅၀၀ိ/- | ရွှေဟသ်ာစာပေ |
| ၇၄ | ဥေယျ | ဓမ္မဒဿနရသဖတ်စာကဗျာများ | ၁၅၀၀ိ/- | အေဇက်စာပေ |
| ၇၅ | ကလောင်စုံ | ပြည်ပရောက်မြန်မာလူငယ်တို့၏ ကဗျာများ(+၉၅) | ၁၅၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၇၆ | ဒီနိုဗိုပြန်ဆိုသည် | သြဇာကြီးမားစာရေးဆရာများနှင့်စကားပြောခြင်း | ၂၅၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၇၇ | မြသန်းတင့် | မြန်မာပြန်ရသစာတမ်းများ | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၇၈ | မဟာဆွေ | ဘိုးဝဇီရ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၇၉ | သုခမိန်လှိုင် | ဆာရှီမီး | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၈၀ | | မြန်မာ့အသံတေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ(၁၁) | ၂၀၀၀ိ/- | နိုင်ငံဂုဏ်ရည် |
| ၈၁ | လှသမိန် | ဟောနည်းပြောနည်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၂ | သုမောင် | မစိုးအိမ်သူသို့အိတ်ဖွင့်ပေးစာ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၃ | စာစဉ်(၄၆) | ဝုဖ်ဂန်းဂ်အာမဒ်ဒဲလ်စ်မိုးဇာထ် | ၁၅၀၀ိ/- | TheKeyCollection |
| ၈၄ | ဇွဲသစ်(ရမ္မာမြေ) | ကမ္ဘာစာပေစင်မြင့်ထက်မှရမ်းဖြဲကျွန်း | ၂၀၀၀ိ/- | |
| ၈၅ | အရှင်ဇောတိက (ညောင်တုန်း) | ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ဟောကြားပို့ချချက်များ | ၅၀၀၀ိ/- | ပညာဇောတိ |
| ၈၆ | လင်းယုန်သစ်လွင် | ဓမ္မရက္ခိတ(သို့)လောက၏ အမှန်တရားကိုရှာဖွေသူ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၇ | ဗန်းမော်တင်အောင် | ဒေါက်တာလွမ်းဝေ | ၃၀၀၀ိ/- | နေရီရီ |
| ၈၉ | မောင်ရဲခိုင် | ဆိုနီ(သို့)ဂျပန်ပြည်မှာလုပ်သည် | ၂၀၀၀ိ/- | ပဋ္ဌဂံစာပေ |



## မြန်မာ့ကင်းထောက်ရာပြည့် အထိမ်းအမှတ်အကြို ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**
မြန်မာ့ကင်းထောက်ရာပြည့် အထိမ်းအမှတ်အကြို ကင်းထောက်အမျိုးသား၊ အမျိုးသမီးများ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ကင်းထောက်အမျိုးသား၊ အမျိုးသမီး ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများ မစတင်မီ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ ပြိုင်ပွဲဝင်မည့် ကင်းထောက် အမျိုးသားအဖွဲ့၊ ကင်းထောက် အမျိုးသမီးအဖွဲ့များကို မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ပြိုင်ပွဲနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် ကင်းထောက်အမျိုးသားအဖွဲ့၊ ကင်းထောက်အမျိုးသမီးအဖွဲ့များသည် ကင်းစိတ်အလိုက် ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်များ၊ ကြိုးချည်နည်းများ၊ ရှေးဦးသူနာပြုစုနည်းများ၊ တဲထိုးနည်းများ၊ အလံတိုင်ထောင်နည်းများကို ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဉမ္မာနှင့် အမျိုးသား၊ အမျိုးသမီးကင်းထောက်ကြီးများက ဒိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လွန်ခဲ့သည့် နှစ်ပေါင်း ၆၅ နှစ်ခန့်က သမ္မတကြီးစဝ်ရွှေသိုက် ကိုယ်တိုင် မြို့တော်ဝန်၏ အကောင်းဆုံးကင်းစိတ်အလံ ဆုချီးမြှင့်ခံခဲ့ရသော အသက် (၈၂) နှစ်ခန့်ရှိ သီဟကင်းထောက်ကြီး ဦးခင်မောင်ငွေးက ယခုကင်းစိတ်စွမ်းရည်ပြိုင်ပွဲတွင် ဒိုင်ချုပ်အဖြစ်ဆောင်ရွက်ကာ ကြည့်ရှုစစ်ဆေးပေးသည်။

ယင်းပြိုင်ပွဲတွင် ဆုရသော ကင်းထောက်အမျိုးသားအဖွဲ့၊ ကင်းထောက်အမျိုးသမီးအဖွဲ့များအား နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်စိန်ရတုခန်းမ၌ ကျင်းပမည့် မြန်မာ့ကင်းထောက်ရာပြည့် အထိမ်းအမှတ်အကြို အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဟု သိရသည်။

**ကိုလတ် (သတင်းစဉ်)**

## ရုပ်ရှင်ပိတ်ကားပေါ်မှာ တွေ့မြင်ရတော့မယ့် “Bone”

အမေရိကန်နိုင်ငံတစ်ဝန်း ထွက်ရှိသမျှသော ဟာသစာအုပ်တွေထဲက ထူးချွန်တဲ့လက်ရာတွေကို ရွေးချယ်ကာ ပေးအပ်ချီးမြှင့်ခဲ့တဲ့ အိုက်စ်နာဆုကို ရရှိထားပြီးဖြစ်တဲ့ ဂျက်ဖ်စမစ်သ်ရဲ့ ဟာသဇာတ်လမ်းတွဲကာတွန်း “ Bone ”ကို ရုပ်သံဖန်တီးမှုရုပ်ရှင်အဖြစ် ပြောင်းလဲဆန်းသစ်သွားမည်ဖြစ်ကာ အဆိုပါရုပ်ရှင်ကို ပိတ်ကားပေါ်မှာ တွေ့မြင်ရှုစားကြရတော့မှာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ ရုပ်သံဖန်တီးမှုရုပ်ရှင်ကို ကမ္ဘာတစ်ဝန်းအောင်မြင်မှုများစွာ ရရှိခဲ့တဲ့ ရုပ်သံဖန်တီးမှု ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်ကြတဲ့ “Kung Fu Panda” ရုပ်ရှင်တွေကို ရိုက်ကူးဖန်တီးပေးခဲ့တဲ့ ဒါရိုက်တာ မာ့ခ်အော့စ်ဘွန်းက တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပြီး ဘရှုန်ိုဘရားသားစ်ရုပ်ရှင်ကုမ္ပဏီက ပိတ်ကားပေါ်အရောက် သယ်ဆောင်ပေးသွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ယင်းရုပ်ရှင်ကို ဖန်တီးပေးမယ့်ဒါရိုက်တာက “Bone ဟာ အခြားဇာတ်လမ်းတွေထက်ထူးခြားတဲ့ သမားရိုးကျမဟုတ်တဲ့ ဇာတ်လမ်းတစ်ခုဖြစ်ပါတယ်။ ဒီကာတွန်းမှာ သာမန်မြင်နေကျ ဇာတ်လမ်းတွေနဲ့မတူဘဲ ဇာတ်ကောင်တစ်ယောက်ထက်ပိုပြီးပါဝင်ကာ ဇာတ်ကောင်တွေကို ပေါင်းစပ်ပြီး ဇာတ်လမ်းဖန်တီးထားတာဖြစ်ပါတယ်။ ဒါ့အပြင် နူးညံ့သိမ်မွေ့တဲ့ ဟာသဆန်တဲ့ ဇာတ်ကောင်တွေနဲ့ သူတို့ရဲ့ အံ့ဩရင်ခုန်ဖွယ် စွန့်စားခန်းတွေကိုလည်း ခံစားကြရမှာပါ။ ဒီကာတွန်းဇာတ်လမ်းတွဲကို ဘာ့ကြောင့် အသက်အရွယ်ကြီးငယ်မဆို နှစ်သက်အားပေးလာခဲ့ရလဲဆိုတာကို ပြချင်တဲ့အတွက် ဒီကာတွန်းဇာတ်လမ်းတွဲလေးကို ရုပ်ရှင်ချစ်ပရိသတ်တွေဆီအထိပါ ယူဆောင်လာချင်ခဲ့တာကြောင့် ယခုလိုရုပ်ရှင်အဖြစ် ဆန်းသစ်ဖန်တီးရတာဖြစ်ပါတယ်။ ရုပ်သံဖန်တီးမှုရုပ်ရှင်တွေရဲ့နယ်ပယ်ကိုလည်း စိတ်လှုပ်ရှားစရာကောင်းတဲ့ ခံစားချက်မျိုးပေးနိုင်တဲ့အပိုင်းနဲ့ အခြားခံစားချက်အသစ်တွေပေးနိုင်တဲ့အခြေအနေအထိ ချဲ့ထွင်လိုတာလည်း ပါပါတယ်”လို့ ဖွင့်ဟခဲ့ပါတယ်။

၁၉၉၁ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ ရေးသားထုတ်ဝေခဲ့တဲ့ အဆိုပါ ဟာသဇာတ်လမ်းတွဲကာတွန်းတွေမှာ အဓိကဇာတ်ကောင်သုံးဦးပါဝင်ပါတယ်။ သူတို့တွေကတော့ ဘွန်းမိသားစုဝင်တစ်ဝမ်းကွဲညီအစ်ကိုတွေဖြစ်ကြတဲ့ ဖွန်းဘွန်း၊ ဖုန်းနီဘွန်းနဲ့ စမိုင်းလီဘွန်းတို့ဖြစ်ကာ ဘွန်းလေးတွေဟာ ခန္ဓာကိုယ်သေးငယ်ပြီး နှာခေါင်းကြီးတဲ့ လူသားနဲ့တူတဲ့ ကတုံးသရဲကောင်လေးတွေဖြစ်ကြပါတယ်။ သူတို့သုံးဦးဟာ ကျယ်ပြန့်တဲ့ သဲကန္တာရအတွင်း လူစုကွဲသွားပြီးနောက် တစ်ဦးချင်းစီက တောအုပ်တွေဆီကြိုးစား ခရီးဆက်ကြရင်း အံ့ဩထိတ်လန့်စရာ မကောင်းဆိုးဝါးတွေနဲ့ ရင်ဆိုင်ရပုံတွေကို ဖန်တီးရေး သားထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောအချိန်အထိ အဆိုပါရုပ်ရှင်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ပြန်ခဲ့ခြင်းမရှိသေးပါဘူး။



အေး ပြည့် - စု စည်း ရေး သား သည်

## ဆေးလိပ်သောက်ကျင့်ခဲ့ရတဲ့မင်ဟို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “SHINee”ရဲ့ အဖွဲ့ဝင်မင်ဟိုဟာ လတ်တလောမှာ ရုပ်ရှင်တစ်ကားကို လက်ခံရိုက်ကူးပေးလျက်ရှိပြီး အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ရမယ့် သူ့ရဲ့ဇာတ်ကောင်စရိုက်အတွက် ဆေးလိပ်သောက်တတ်အောင် လေ့ကျင့်နေရကြောင်း မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

နိုဝင်ဘာ ၁၉ ရက်က ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုက အင်တာဗျူးမှာ မင်ဟိုက လတ်တလောအနုပညာလှုပ်ရှားမှုအဖြစ် “Two Men”ရုပ်ရှင်ကို ရိုက်ကူးလျက်ရှိပြီး ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သူ့ရဲ့ဇာတ်ကောင်ဟာ ခပ်ဆိုးဆိုးကောင်လေးတစ်ယောက်ဖြစ်တာကြောင့် ရုပ်ရှင်တစ်ကားလုံးမှာ သူ့ရဲ့ပင်ကိုမျက်နှာကို မြင်ရခဲတယ်လို့ဆိုပါတယ်။ အဆိုပါဇာတ်ကောင်ဟာ အမြဲရန်ဖြစ်တတ်တဲ့သူဖြစ်တာကြောင့် မျက်နှာဟာ အမြဲလိုလို ဒဏ်ရာတွေ၊ အမာရွတ်တွေနဲ့ ဖုံးနေကြောင်းလည်း မင်ဟိုက ပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ မင်ဟိုနဲ့အတူ မင်းသားမာဒေါင်ဆွတ်က ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားကာ အဆိုပါရုပ်ရှင်ထုတ်လွှင့်မယ့်ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၁-၁၁-၂၀၁၆(တနင်္လာနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | “ဘုံတလာရေတံခွန်သို့အလည်တစ်ခေါက်” |
| ၁၀း၃၅ | “နိုဝင်ဘာအတွက် တစ်လအတွင်း မိုးလေဝသ” |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာတိုင်နေ့ရက်များ” (အပိုင်း-၃၆) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄၄) |
| ၂း၁၀ | “ငွေငန်းသခင်၏ရာပြည့်အလွန် (၁၀၅)” |
| ၃း၃၅ | Tasty Trip |
| ၄း၁၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၄း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၅း၁၅ | This Week's Special Interest |
| ၅း၃၅ | Yes or No Talk Show "Career Women" |
| ၆း၃၅ | ဥပဒေရေးရာအဖြာဖြာ “ကြေမွသွားသော အိပ်မက်များ” (ဦးစံပေါ၊ ခင်ဖြူဖြူသန့်၊ Flory Chan) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တို့မယူလို” (အပိုင်း-၄၆) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၄၅) -မျက်မှောက်ရေးရာသုံးသပ်စရာ |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


## မြဝတီရုပ်မြင်သံကြား

၂၁-၁၁-၂၀၁၆(တနင်္လာနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၉း၂၀ | ကျန်းမာသုတ |
| ၉း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၁၀း၀၀ | Casual Talk |
| ၁၀း၁၅ | အစွန်းလွတ်ရာဆီသို့ |
| ၁၀း၂၅ | မေးမြန်းစူးစမ်း |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြန်မာ့ရှုခင်း |
| ၁၁း၂၅ | ပျိုပျိုမေ |
| ၁၁း၃၅ | Cooking Art |
| ၁၁း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၀၀ | အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ |
| ၁၂း၁၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၄၅ | Guide For You |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၇၃) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၇၄) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အိန်ဂျယ်ချစ်သူ အပိုင်း(၁) - ဘောလုံးကန်ကြမယ် - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၁၂) |

# ပရီမီယာလိဂ်တွင် ကံမကောင်းဆုံးအသင်းမှာ မန်ယူဖြစ်သည်ဟု မော်ရင်ဟို ပြောကြား





မန်ယူအသင်းသည် အာဆင်နယ်ကို သရေသာကစားနိုင်ပြီးနောက် ပရီမီယာလိဂ်တွင် ကံမကောင်းဆုံးအသင်းမှာ မန်ယူသာလျှင် ဖြစ်သည်ဟု အာဆင်နယ်နှင့်ပွဲအပြီးတွင် မန်ယူနည်းပြ မော်ရင်ဟိုက မချင့်မရဲညည်းတွားခဲ့သည်။ မန်ယူအသင်းသည် အာဆင်နယ်အား ပွဲစဉ်တစ်လျှောက်လုံးအဘက်ဘက်မှ အသာစီးရအောင် ကစားနိုင်ခဲ့ကာ မာတာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၈၉မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်၏ ခေါင်းပုတ်ဂိုးဖြင့် တစ်ဂိုးစီ သရေ ရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက မန်ယူအသင်း အတွင်းစည်းအတွင်းအားလုံး လက်ခံထားသည့် အချက်တစ်ချက်မှာ မန်ယူသည် ပရီမီယာလိဂ်တွင် ကံမကောင်းဆုံး အသင်းတစ်ခုဖြစ်ပြီး ပရီမီယာလိဂ်နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ခြောက်ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိသည်ကို ကြည့်ရှုခြင်းအားဖြင့် သိနိုင်ကြောင်း ဆိုခဲ့သည်။

မော်ရင်ဟိုက " ကျွန်တော့် ကစားသမားတွေရဲ့ ကစားပုံနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာမရှိပါဘူး။ ဒါပေမယ့် သူတို့အတွက် ကျွန်တော်စိတ်မကောင်းဖြစ်ရပါတယ်။ ဒီရလဒ်က မန်ယူအတွက် ရှုံးနိမ့်သလိုခံစားရပေမယ့် အာဆင်နယ်အတွက်တော့ နိုင်ပွဲရသလိုပါပဲ" ဟု ပြောကြားခဲ့သည်။

မော်ရင်ဟိုက မန်ယူအသင်းသည် သရေ ရလဒ်ထွက်ပေါ်ခဲ့သည့် ဘန်လေ၊ စတုတ်၊ အာဆင်နယ်တို့နှင့်ပွဲစဉ်သုံးပွဲကို အလွယ်တကူ အနိုင်ရရှိကာ ရမှတ်ကိုးမှတ်စုဆောင်းနိုင်မည့် အခွင့်အရေးရှိခဲ့သော်လည်း သုံးမှတ်သာ ရရှိခဲ့သဖြင့် အမှတ်ပေးဇယား ထိပ်ဆုံး(၄)သင်းဝင်ရောက်နိုင်ခွင့် ဆုံးရှုံးခဲ့ကြောင်း ဆိုခဲ့သည်။ မန်ယူသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၆)နေရာတွင် ရပ်တည်နေကာ ဦးဆောင်သူ လီဗာပူးနှင့် ရှစ်မှတ်အထိ ကွာဟနေ ပြီဖြစ်သည်။

မော်ရင်ဟိုမှာ အာစင်ဝင်းဂါးနှင့် ရင်ဆိုင်သည့် ၁၂ပွဲဆက်တိုက် ရှုံးပွဲမရှိသည် စံချိန်ကို ထပ်မံရေးထိုးနိုင်ခဲ့သော်လည်း မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီအတွင်း ပရီမီယာလိဂ် အင်အားကြီး အသင်းများဖြစ်သည့် မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်အသင်းတို့နှင့် ရင်ဆိုင်သည့် ပွဲစဉ်တိုင်း တစ်ပွဲမျှအနိုင်ရရှိအောင် ကစားနိုင်ခြင်းမရှိသည့် မှတ်တမ်းတစ်ခုကို ထပ်တိုး ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် မော်ရင်ဟိုက သတင်းစာရှင်းလင်းပွဲပြီးဆုံးခါနီးအချိန်တွင် "နောက်ဆုံးတော့ ကျွန်တော်တို့ အာဆင်နယ်ကို ရှုံးနိမ့်တာပါပဲ။အိမ်ကွင်းမှာ ကစားရတာကို အနိုင်မရတော့ ကျွန်တော်ဒီလိုပဲ ခံစားရတယ်။ ဒါကြောင့် နောက်ဆုံးမှာ ကျွန်တော်တို့ အာဆင်နယ် ရှုံးနိမ့်တာပါပဲ" ဟု ထပ်ခါတလဲလဲ ပြောကြားခဲ့သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးကမူ နောက်တန်းခံစစ်ပိုင်းကျစ်လျစ်မှုတွင် အာဆင်နယ် ကစားပုံအသာရခဲ့ပြီး ယင်းကစားပုံက မိမိတို့အသင်း၏ ယခင်ကစားကွက် ခင်းကျင်းပုံနှင့် လုံးဝမတူညီခဲ့ဘဲ အာဆင်နယ်၏ ကစား ဟန်အသစ်ဖြစ်ကြောင်းဆိုခဲ့သည်။ အာဆင်နယ်သည် ယခုပွဲတွင် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ၁၇ ပွဲ ဆက်ရှုံးပွဲ မရှိသည့်မှတ်တမ်းသစ် တစ်ရပ်ကိုပါ ထပ်မံ ပိုင်ဆိုင်ခဲ့သည်။ အာဆင်နယ်သည် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွင် လီဗာပူးအား လေးဂိုး-သုံးဂိုးဖြင့် အရေးနိမ့်ပြီးနောက် ပြိုင်ပွဲအရပ်ရပ်တွင် ရှုံးပွဲမရှိခဲ့ခြင်းဖြစ်သည်။

## နိုဝင်ဘာ ၂၀ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်-၁၂** | | | | |
| စပါး | ၃ | - | ၂ | ဝက်စ်ဟမ်း |
| မစ်ဒယ်ဘရော့ | ၀ | - | ၁ | ချယ်လ်ဆီး |
| **လာလီဂါ ပွဲစဉ်-၁၂** | | | | |
| အီဘား | ၁ | - | ၀ | ဆယ်လ်တာဗီဂို |
| အက်သလက်တီကို | ၀ | - | ၃ | ရီးယဲလ်မက်ဒရစ် |
| အလာဗက်စ် | ၀ | - | ၁ | အက်စ်ပန်ညို |
| ဗလင်စီယာ | ၁ | - | ၁ | ဂရန်နာဒါ |
| **စီးရီးအေ ပွဲစဉ်-၁၃** | | | | |
| အူဒီးနီစ် | ၁ | - | ၀ | နာပိုလီ |
| ဂျူဗင်တပ် | ၃ | - | ၀ | ပက်စ်ကာရာ |
| ဆမ်ဒိုးရီးယား | ၃ | - | ၂ | ဆာဆူအိုလို |
| အတ္တလန္တာ | ၂ | - | ၁ | ရိုးမား |
| ဘိုလော့နာ | ၃ | - | ၁ | ပါလာမို |
| ခရိုတိုနီ | ၀ | - | ၂ | တိုရီနို |
| အမ်ပိုလီ | ၀ | - | ၄ | ဖီအိုရင်တီးနား |
| လာဇီယို | ၃ | - | ၁ | ဂျီနိုအာ |
| **ဘွန်ဒက်လီဂါ ပွဲစဉ်-၁၁** | | | | |
| ဒေါ့မွန် | ၁ | - | ၀ | ဘိုင်ယန်မြူနစ် |
| ဟော့ဖန်ဟိမ်း | ၂ | - | ၂ | ဟမ်းဘတ် |

မောင်မောင်ဇော်

## မေလဲ့သင်း – ရေးသားသည်

# ကမ္ဘာ့အဆင့် (၁) နေရာ တိုက်ပွဲ (သို့မဟုတ်) အန်ဒီမာရေး – ဂျိုကိုဗစ်ချ် တို့ရဲ့ ATP Tour Finals ဗိုလ်လုပွဲ



ရာသီသိမ်း တင်းနစ်ပြိုင်ပွဲ ပွဲစဉ်ဖြစ်တဲ့ ATP Tour Finals ပွဲကို နိုဝင်ဘာ ၂၃ ရက်မှာ စတင်ယှဉ်ပြိုင်ခဲ့ရာမှာ ခုချိန်မှာတော့ဗိုလ်လုပွဲယှဉ်ပြိုင်ချိန်ကိုရောက်ရှိလာပါပြီ။ ဒီပြိုင်ပွဲက တခြားပြိုင်ပွဲတွေလို လက်ရည်စစ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီး ဝင်ရောက်ကစားရတာမျိုး မဟုတ်ဘဲ ကမ္ဘာ့အဆင့်(၁)မှ (၈)အတွင်း ဝင်ရောက်တဲ့ အမျိုးသားတင်းနစ်ကစားသမားတွေသာ ယှဉ်ပြိုင်ခွင့်ရပြီး လေးယောက် တစ်အုပ်စုပုံစံနဲ့ ဝင်ရောက် ယှဉ်ပြိုင်ကြတဲ့ ပွဲစဉ်ပါ။ လေးယောက်တစ်အုပ်စုကနေ တစ်အုပ်စုက နှစ်ဦးစီ အကြိုဗိုလ်လုပွဲတက်၊ နောက်ဆုံးဗိုလ်လုပွဲအဆင့် ရာသီသိမ်းဖလား ရယူရေး ယှဉ်ပြိုင်ကြရပါတယ်။ ကမ္ဘာ့ထိပ်တန်း ကစားသမားရှစ်ဦးတွေ့ဆုံတဲ့ ပြိုင်ပွဲဖြစ်တာကြောင့် အခြားပြိုင်ပွဲတွေနဲ့မတူ ဂုဏ်သိက္ခာ ကြီးမြင့်တဲ့ ပြိုင်ပွဲတစ်ပွဲပါပဲ။

ခုတော့ ဗိုလ်လုပွဲအဆင့်ရောက်ရှိလာပြီး အန်ဒီမာရေးနဲ့ ဂျိုကိုဗစ်ချ်တို့ ဗိုလ်လုရပါတော့မယ်။ လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာကို ရောက်ရှိနေတဲ့ အန်ဒီမာရေး၊ ဒဏ်ရာပြဿနာတွေကြောင့် ယခုနှစ်ရာသီ အချို့သော ပွဲစဉ်တွေကို လွဲချော်ခဲ့ရသလို ပြီးခဲ့တဲ့နှစ်က လက်စွမ်းမျိုးပြန်မရရှိသေးလို့ ကမ္ဘာ့အဆင့်(၁)နေရာကနေ ဖယ်ပေးခဲ့ရသူ ကမ္ဘာ့အဆင့်(၂) ဂျိုကိုဗစ်ချ်တို့ ဗိုလ်လုကြပါတော့မယ်။ ဒီပြိုင်ပွဲဟာ တင်းနစ်ပြိုင်ပွဲ တစ်ခုဆိုတာထက် ဘယ်သူ ကမ္ဘာ့အဆင့်(၁)နေရာနဲ့ ရာသီသိမ်းမလဲ အဖြေထုတ်ပေးမယ့်ပွဲဆိုလည်း မမှားပါဘူး။

မာရေးဟာ အိုလံပစ် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီးနောက် လက်စွမ်းတွေ တောက်လျှောက် တက်လာခဲ့ပြီး ၂၃ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ကမ္ဘာ့အဆင့်(၁)နေရာကို ရောက်ရှိလာခဲ့သူပါ။ ဒါကြောင့် လန်ဒန်မြို့ အိုတူးအရီနာ ကွင်းကြီးထဲမှာ ယှဉ်ပြိုင်နေတဲ့ ဒီပြိုင်ပွဲမှာ မာရေးက အိမ်ရှင် ပရိသတ်အားနဲ့ ဂျိုကိုဗစ်ချ်ကို အနိုင်ယူပြီး ကမ္ဘာ့အဆင့် (၁)နေရာကို ဆက်လက် ထိန်းသိမ်းဖို့ အားထုတ်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂျိုကိုဗစ်ချ်ကလည်း ရက်သတ္တ၁၄၁ပတ်ကြာ ထိန်းသိမ်းခဲ့ရတဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည် ရရှိဖို့ ငယ်နိုင်ကစားသမား ဖြစ်ခဲ့တဲ့ မာရေးကို အနိုင်ကစားဖို့ ကြိုးပမ်းလာပါလိမ့်မယ်။ ဂျိုကိုဗစ်ချ်ဟာ ATP Tour Finals ပြိုင်ပွဲ လေးပွဲဆက် ဗိုလ်စွဲခဲ့သူဖြစ်တာကြောင့် ဒီနှစ်မှာလည်း လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ရော ကမ္ဘာ့အဆင့်(၁) နေရာ ပြန်ရဖို့ပါ ခုပွဲကို အားထည့် ကစားပါလိမ့်မယ်။

ဂျိုကိုဗစ်ချ်က "ကျွန်တော်တို့က တစ်ယောက်ကို တစ်ယောက် နှစ်ပေါင်းများစွာ သိကျွမ်းလာခဲ့သူတွေဖြစ်ပြီး ဒီပွဲကတော့ ကျွန်တော်တို့နှစ်ဦး တွေ့ဆုံတဲ့ ပွဲထဲမှာမှ အကောင်းဆုံးပွဲစဉ်တစ်ပွဲ ဖြစ်လာပါလိမ့်မယ်" လို့ ပွဲကြို စကားပြောကြားခဲ့ပါတယ်။ ဂျိုကိုဗစ်ချ်နဲ့ မာရေးတို့ တွေ့ဆုံယှဉ်ပြိုင်ခဲ့တဲ့ စုစုပေါင်း ၁၅ ပွဲမှာ ဂျိုကိုဗစ်ချ်က ၁၃ ပွဲအထိအနိုင်ယူခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် မာရေးကလည်း အရင်နှစ်တွေက မာရေးနဲ့ ကွဲပြားသွားပြီး သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ သန်စွမ်းမှုကို အိမ်ကွင်း ပရိသတ် ၁၇၀၀၀ရှေ့ သက်သေပြဖို့ ဂျိုကိုဗစ်ချ်ကို အနိုင်ယူဖို့ ကြိုးပမ်းလာပါလိမ့်မယ်။ ကဲ ဒါကြောင့် ဒီနှစ်ဦးထဲက ဘယ်သူ ဗိုလ်စွဲမလဲဆိုတာ မကြာခင် အချိန်မှာ သိရှိကြတော့မှာ ဖြစ်တာကြောင့် ဘယ်သူကများ ကမ္ဘာ့အဆင့်(၁)နေရာနဲ့ ရာသီသိမ်းနိုင်မလဲဆိုတာ ရင်ခုန်ရင်းနဲ့. . . ။



# အက်သလက်တီကိုအား ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ချန်ပီယံဆုအကြောင်းပြောရန် စောသေးဟု ရီးယဲလ်နည်းပြဇီဒန်းဆို

# စီရိုနယ်လ်ဒိုမှာ ဖီဖာ ဘာလွန်းဒီအောဆုအတွက် အပြင်းပွားစရာမရှိ

ရီးယဲလ်မက်ဒရစ်သည် ခံစစ်ပိုင်းမာကျော ကျစ်လျစ်လွန်းသည့် အက်သလက်တီကိုအသင်းအား အဝေးကွင်းတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ကစားခဲ့ခြင်းကြောင့် ယခုနှစ် လာလီဂါ ချန်ပီယံဆုသည် ရီးယဲလ်အတွက်သာ ဖြစ်မည်ဟူသော ခန့်မှန်းချက်များ ထွက်ပေါ်လာမှုအပေါ် ရီးယဲလ်နည်းပြဇီဒန်းက ငြင်းဆန်ပယ်ချခဲ့သည်။

သို့သော် ဇီဒန်းက ယခုနှစ်ဖီဖာ ဘာလွန်းဒီအောဆုကိုမူ စီရိုနယ်လ်ဒိုအပြင် ရွေးချယ်စရာမရှိဟု ထောက်ခံပြောကြားလိုက်သည်။ အဆိုပါ ပွဲစဉ်တွင် စီရိုနယ်လ်ဒိုသည် ရီးယဲလ်အတွက် သွင်းဂိုးသုံးဂိုးစလုံးကို သွင်းယူပေးခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ၎င်းခြေစွမ်းကျဆင်းလာနေပြီဟူသော ဝေဖန်ချက်များကို နှုတ်ဆိတ်သွားစေခဲ့သည်။ ယင်းပွဲစဉ်တွင် ရီးယဲလ်ဗဟိုတိုက်စစ်နေရာတွင် ကစားလေ့ရှိသည့် ဘင်ဇီမာနှင့် မိုရာတာတို့နှစ်ဦးစလုံး ဒဏ်ရာပြဿနာများရှိခဲ့သဖြင့် ဇီဒန်းက စီရိုနယ်လ်ဒိုအား ဗဟိုတိုက်စစ်နေရာတွင် နေရာပြောင်းကစားစေခဲ့ခြင်း ဖြစ်သည်။ သို့သော် ဇီဒန်းက စီရိုနယ်လ်ဒိုအား နောက်ပိုင်းပွဲစဉ်များတွင် ယင်းနေရာ၌ အမြဲထား၍ ကစားစေမည် မဟုတ်ကြောင်းကိုမူ ရှင်းလင်းခဲ့သည်။

ထို့ပြင် အမှတ်ပေးဇယား ဒုတိယနေရာရှိ နာမည်ကြီး ဘာစီလိုနာမှာ မာလာဂါအသင်းကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါအမှတ်ပေးဇယားကို လေးမှတ်ဖြတ် ဦးဆောင်ခွင့်ပါ ပိုင်ဆိုင်ခဲ့သည်။ ဇီဒန်းက အက်သလက်တီကိုကဲ့သို့ အသင်းကို သုံးဂိုးပြတ် အနိုင်ယူနိုင်သည်ဆိုသည်မှာ ဖြစ်နိုင်ခြေ နည်းပါးသော်လည်း ရီးယဲလ်မက်ဒရစ်က ယနေ့တွင် ထိုကဲ့သို့ လုပ်ဆောင် ပြနိုင်ခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။ အားကစားမီဒီယာများကမူ အက်သလက်ကို ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်း၏ အကောင်းဆုံးခြေစွမ်းကို မြင်တွေ့ရခြင်း ဖြစ်သည်ဟု ချီးကျူးရေးသားကြသည်။

# စာရင်းအင်းဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် တင်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

### အခန်း (၈)
### စာရင်းအင်းဆိုင်ရာအချက်အလက်များအားကောက်ယူစုဆောင်းခြင်း

၂၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် သန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်း သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကောက်ယူစုဆောင်းရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ အဖွဲ့လိုက်ကိုဖြစ်စေ ပါဝင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၂၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံသို့ ဗဟိုစာရင်းအင်းအဖွဲ့၏ အရာထမ်း၊ အမှုထမ်းများက ဖြစ်စေ၊ စာရင်းအင်းဆိုင်ရာ အကြီးအမှူးမှ တာဝန်ပေးအပ်ခြင်းခံရသူကဖြစ်စေ ကြိုတင်အကြောင်းကြားစာပေးပို့နိုင်သည် သို့မဟုတ် ပေးပို့စေနိုင်သည်။

၂၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိက ကိုယ်စားလှယ် လွှဲအပ်ထားသူမှတစ်ဆင့်ဖြစ်စေ ဤဥပဒေအရ တရားဝင်စာရင်းများကောက်ယူရန်ကိစ္စအလို့ငှာ တစ်ဦးတစ်ယောက်သောသူ သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းများရှိ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို မေးမြန်းကြည့်ရှုရယူခွင့်ရှိသည်။

၂၄။ အစိုးရဌာန၊ အဖွဲ့အစည်းများသည် စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူက ဤဥပဒေပါကိစ္စရပ်များအလို့ငှာ စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ထိန်းသိမ်းထားသည့်အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများအနက်မှ ရယူလိုသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ဆောင်ရွက်ပေးရမည်။

၂၅။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသူသည် ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ထိန်းသိမ်းထားသည့် သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနသို့ တင်ပြ၍ တောင်းခံရယူပိုင်ခွင့်ရှိသည်။

၂၆။ စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကန့်သတ်ထားသော စာရင်းအင်းနှင့် သတင်းအချက်အလက်များကို အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံမှ တောင်းခံရယူပိုင်ခွင့်ရှိသည်။

### အခန်း (၉)
### စာရင်းအင်းဆိုင်ရာအချက်အလက်များအတွက် မေးခွန်းဖြေကြားသူများ၏တာဝန်နှင့်အခွင့်အရေး

၂၇။ မေးခွန်းဖြေကြားသူသည် အချိန်ကာလနှင့် လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို စာရင်းအင်းနှင့် သက်ဆိုင်သောအစိုးရဌာန၊ အဖွဲ့အစည်းများအား ပံ့ပိုးပေးအပ်ရမည်။

၂၈။ မေးခွန်းဖြေကြားသူသည် အမျိုးသားစာရင်းအင်းစနစ်အရ အစိုးရဌာန အဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ်က ဆောင်ရွက်ထားရှိရမည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်း တစ်ရပ်ရပ်အတွက် ထုတ်ဖော်ပြောဆိုထားသော လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို သက်ဆိုင်ရာ စာရင်းအင်းကောက်ယူသည့်ဌာနသို့ ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်။

၂၉။ တရားဝင်စာရင်းအင်းကောက်ယူစုဆောင်းခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မေးခွန်းဖြေကြားသူသည် အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည် -

(က) စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့် အချက်အလက်များအား အသုံးပြုခြင်းနှင့် ယင်းဖြေဆိုရန် တာဝန်ရှိသော မေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသော အချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားခြင်း အပါအဝင် မှတ်တမ်းတင်ထားမည့် လုပ်ထုံးလုပ်နည်းများနှင့် ပြုစုမည့်စာရင်းအင်းများကိုထုတ်ပြန်မည့်အချိန်ဇယား၊

(ဂ) မေးခွန်းဖြေကြားသူနှင့်သက်ဆိုင်သော အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များ။

### အခန်း (၁၀)
### စာရင်းအင်းဆိုင်ရာအချက်အလက်များပံ့ပိုးပေးအပ်ရန်တာဝန်

၃၀။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ ကိုယ်စားလှယ်များသည် ဗဟိုစာရင်းအင်းအဖွဲ့၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် သော်လည်းကောင်း၊ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် အမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များ တောင်းခံမှုအပေါ် အချိန်မီအခမဲ့ပံ့ပိုးပေးအပ်ရန် တာဝန်ရှိသည်။

၃၁။ လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းမှတစ်ပါး အခြားဖြေဆိုရမည့် စာရင်းအင်းဆိုင်ရာအချက်အလက်များတွင်ပါဝင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေဆိုသူ၏ လူမှုအကျိုးစီးပွားအား ထိခိုက်စေနိုင်လျှင် ထိုသူကို စာရင်းအင်းဆိုင်ရာ အချက်အလက် ပံ့ပိုးပေးအပ်ဖြေဆိုရန် တာဝန်ရှိခြင်းအပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်ပါက စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

### အခန်း (၁၁)
### တရားဝင်စာရင်းအင်းများအား ထုတ်ပြန်ခြင်း

၃၂။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများသည် အချက်အလက်အသုံးပြုသူများ လိုအပ်သော တရားဝင်စာရင်းအင်းများနှင့်စပ်လျဉ်း၍ ပုံနှိပ်ထုတ်ဝေမည့် အမျိုးအစား၊ ပုံစံနှင့်နေ့ရက်တို့ကိုကြိုတင်ထုတ်ဝေသည့် လုပ်ငန်းအချိန်ဇယားတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဇယားပါ ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုအပ်သည့် စာရင်းအင်း အချက်အလက်များကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ထုတ်ပြန်ရမည်။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူသည် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာအချက်အလက်များမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာအကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်းဆိုင်ရာ ဇယားများအဖြစ် ထုတ်ပြန်ရမည်။

၃၄။ အမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူများက တရားဝင်စာရင်းအင်းများထုတ်ပြန်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သင့်လျော်သည့် သတင်းအချက်အလက် ထုတ်ပြန်သည့်စနစ်ကို အသုံးပြုနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူများသည် လျှို့ဝှက်ထိန်းသိမ်းသင့်သည့် အချက်အလက်များမှတစ်ပါး အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကို သုံးစွဲလိုသူများထံ အဖိုးအခတစ်စုံတစ်ရာဖြင့် သုံးစွဲခွင့်ပြုနိုင်သည်။

### အခန်း (၁၂)
### တားမြစ်ချက်များ

၃၆။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် မည်သည့် ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူမျှ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက် မေးခွန်းဖြေကြားသူများထံမှ ရရှိသော လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၇။ စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူများသည် ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ လက်ဝယ်ရှိ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက် စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ပြုစုထားသည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ အဖွဲ့အစည်းတစ်ခုချင်းနှင့် သက်ဆိုင်သော ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက် သို့မဟုတ် မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာပုံစံ စသည့် အချက်အလက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ အိမ်ထောင်စုနှင့်အဖွဲ့အစည်း၏ သဘောတူညီကြောင်း စာဖြင့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၃၈။ စာရင်းအင်းဆိုင်ရာ အချက်အလက်ပြုစုထုတ်ပြန်သူများသည် ဤဥပဒေပါ ကိစ္စရပ်များ အလို့ငှာ ကောက်ယူခဲ့သည့် တရားဝင်စာရင်းအင်းတစ်ခုခုကိုသော်လည်းကောင်း၊ ထိုစာရင်း၏ အစိတ်အပိုင်းကို သော်လည်းကောင်း၊ သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာကိုသော်လည်းကောင်း ထိုတရားဝင်စာရင်းအင်းနှင့် သို့မဟုတ် အကြောင်းအရာနှင့် စပ်လျဉ်းသည့် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့ကဖြစ်စေ သဘောတူကြောင်းစာကို ကြိုတင်မရရှိဘဲ အကြောင်းအချက် တစ်ခုခုသည် သက်ဆိုင်သည့် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့ကို ရည်ညွှန်းသည်ဟု သိရှိနိုင်ရန် ဖော်ပြသည့် နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြေညာခြင်းမပြုရ။

၃၉။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် မည်သည့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူမျှ ပုဒ်မ ၃၄ အရ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ အမည်များကို ဖော်ပြခြင်းမပြုရ။

၄၀။ အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်သော ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် မည်သည့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူမျှ သုတေသနလုပ်ငန်းအတွက် ပြုစုထားသော စာရင်းအင်းဆိုင်ရာ မေးမြန်းချက်များ သို့မဟုတ် စစ်တမ်းအတွက် မေးခွန်းများမှ အသေးစိတ်အချက်အလက်များကို အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် အပေးအယူပြုလုပ်ခြင်းမပြုရ။

၄၁။ ဤဥပဒေအရသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း တရားစွဲဆို ဆောင်ရွက်သည့် ကိစ္စရပ်မှတစ်ပါး စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်းနှင့် တရားဝင်စာရင်းအင်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့်သုတေသန လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့်စပ်လျဉ်းသော သတင်းအချက်အလက်တစ်စုံတစ်ရာကို ကြည့်ရှုရယူ လွှဲပြောင်းသုံးစွဲခွင့်မပြုရ။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမပြုရ-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို ပံ့ပိုးပေးအပ်ရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း သို့မဟုတ် တမင်သက်သက် ငြင်းဆိုခြင်း၊

(ခ) မှန်ကန်ခြင်းမရှိသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်း ရှိလျက်နှင့်သော်လည်းကောင်း အကြောင်းအရာကို သို့မဟုတ် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ခြင်း၊

(ဂ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်းသူ တစ်ဦးဦးက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

### အခန်း(၁၃)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ တစ်ဆယ့်ငါးသိန်းကျပ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၄၄။ ဗဟိုစာရင်းအင်းအဖွဲ့၊ အစိုးရဌာနအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် စာရင်းအင်း အချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ဆယ်သိန်းထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်းတစ်ရာ ထက်မပိုသောငွေဒဏ်ကို လည်းကောင်း ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဆက်လက်၍ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သည့် ပထမနေ့မှတစ်ပါး ဆက်လက်ကျူးလွန်သည့် နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက တစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကိုချမှတ်ရမည့်ပြင် ပုဒ်မ ၄၂ (ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်လျှင် မမှန်သောအကြောင်းအချက်များနှင့် သို့မဟုတ် မမှန်သော အဖြေများနှင့် သက်ဆိုင်သည့်ပြစ်မှုကို မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သော အဖြေပေးအပ်သည့် နေ့တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

၄၇။ မည်သူမဆို ဤဥပဒေ အခန်း (၁၂) ပါ ပုဒ်မ ၃၇ မှ ပုဒ်မ ၄၂ ထိတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန်အားထုတ်ကြောင်း သော်လည်းကောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ပူးပေါင်းကြံစည်ကြောင်း သော်လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ လည်းကောင်း သဘောရိုးဖြင့် ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ တရားမမှု ဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မည်သည့်တရားရုံးတွင်မျှ မစွဲဆိုရ။

### အခန်း(၁၄)
### အထွေထွေ

၄၉။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ -

(က) အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးချင်းစီတွင် လည်းကောင်း၊ ဦးဆောင်အဖွဲ့၌ ပါဝင်သူ တစ်ဦးချင်းစီတွင်လည်းကောင်း တာဝန်ရှိသည်ဟုမှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ယင်းစီးပွားရေးလုပ်ငန်း၌ ပါဝင်သူ တစ်ဦးချင်းစီတွင် တာဝန်ရှိသည်ဟုမှတ်ယူရမည်။

(ဂ) ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီ၏ ဒါရိုက်တာတွင်လည်းကောင်း၊ အစုရှယ်ယာရှင် တစ်ဦးချင်းစီတွင်လည်းကောင်း တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဃ) အသင်းအဖွဲ့၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတွင် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ပံ့ပိုးရမည့်တာဝန်ကို ယင်း၏ကိုယ်စား တစ်ဦးတစ်ယောက်အား လွှဲအပ်ထားကြောင်း စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံ သတ်မှတ်ချက်နှင့်အညီ အမည်စာရင်းတင်သွင်း ပေးပို့ထားပြီး အမည်စာရင်းပယ်ဖျက်ထားသည့်အကြောင်းကြားစာကို စာရင်းအင်းဆိုင်ရာအကြီးအမှူးက လက်ခံရရှိခြင်းမရှိပါက ထိုသို့အမည်စာရင်းတင်သွင်းထားသူတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

၅၀။ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၆ အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်ထမ်းဆောင်ရသူများသည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် -

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေများ၊ စရိတ်များအပါအဝင်ဗဟိုကော်မတီ၏ကုန်ကျစရိတ်များကိုဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၅၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၅။ ဤဥပဒေဖြင့် ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေ အမှတ် ၃၄/၁၉၅၂) ကို ရုပ်သိမ်းလိုက်သည်။

ကြေးမုံ





# ဖရဲစိုက်ပျိုးရေးလုပ်ကိုင်နေသော နိုင်ငံခြားသားများအား ဝင်ရောက်စစ်ဆေး

**မုံရွာ နိုဝင်ဘာ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်တစ်ခုဖြစ်သော နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ ချောင်းဦး၊ ဘုတလင်၊ မုံရွာ၊ အရာတော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရာသီသီးနှံဖြစ်သော ဖရဲစိုက်ပျိုးရေးလုပ်ငန်း လာရောက်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများ နေခွင့်ဗီဇာသက်တမ်းကျော်လွန်နေထိုင်ခြင်း ရှိ- မရှိ၊ ဗီဇာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နေထိုင်ခြင်း ရှိ- မရှိ စစ်ဆေးခြင်းအား လ-ဝ-က ဝန်ထမ်းများက မြို့နယ်အလိုက် ဖြန့်ခွဲ၍ စိုက်ခင်းများတည်ရှိရာ ကျေးရွာအရောက် ကွင်းဆင်းစစ်ဆေးမှုကို နိုဝင်ဘာ ၁၈ ရက်က တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ ကနီ၊ ဆားလင်းကြီး၊ ကန့်ဘလူ၊ ဝက်လက်၊ ခင်ဦး၊ တန့်ဆည်၊ ကသာနှင့် ထီးချိုင့်မြို့တို့၌လည်း တစ်ပြိုင်နက်တည်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောင်းဦးမြို့နယ်၌ နှစ်ဦး၊ ဘုတလင်မြို့နယ်၌ ၂၂ ဦး၊ မုံရွာမြို့နယ်၌ ၂၆ ဦး၊ အရာတော်မြို့နယ်၌ ခြောက်ဦး စုစုပေါင်း နိုင်ငံခြားသား တရုတ်လူမျိုး ၅၆ ဦးတို့အား စစ်ဆေးနိုင်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးရာသို့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် မုံရွာခရိုင် ဒုတိယခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့ လိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

## နမ့်ဆန်မြို့တွင် အမျိုးသားနေ့အကြို ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

**နမ့်ဆန် နိုဝင်ဘာ ၂၀**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသည့် (၉၆) နှစ်မြောက် အမျိုးသားနေ့ အကြိုဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းထားထားလှိုင်က အမျိုးသားနေ့ ဖြစ်ပေါ်လာပုံအကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက အထိမ်းအမှတ်နေ့များ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ပန်းချီပြိုင်ပွဲ ကျင်းပပေးပြီး ဆုရရှိသူများအား ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## အထက်မြန်မာပြည်ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်ရေးဆွဲရေးညှိနှိုင်းဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၀**

အထက်မြန်မာပြည် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲခြင်းအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ နဒီမြန်မာဟိုတယ်၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အလုပ်ရုံနှင့်အလုပ်သမားစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်၏ အကြီးတန်းအကြံပေးအရာရှိ Mr. Selim Benaissa က အလုပ်ရုံ ဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြားသည်။

၎င်းနောက် ILO မှ ဦးစောဆာကပေါ်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများ အကြောင်းအား ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် အမျိုးသားဆိုင်ရာ ဥပဒေမူဘောင်များအား တက်ရောက်လာသူများနှင့် တာဝန်ရှိသူများက အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ILO မှတာဝန်ရှိသူများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## လယ်ယာမြေကျူးကျော်ကိစ္စများအားဥပဒေအရအရေးယူထားရှိမှုရှင်းလင်း

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း လယ်ယာမြေကျူးကျော်ကိစ္စများအား ဥပဒေအရ အရေးယူထားရှိမှု ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့ရှိ မြို့နယ်ငါးမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ လယ်ယာမြေကျူးကျော်မှုများနှင့် ပတ်သက်၍ နစ်နာသူများက ရဲစခန်းသို့ လာရောက် တိုင်တန်းသည့်အတွက် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ရမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက တိုင်းဒေသကြီးအတွင်း လယ်ယာမြေကျူးကျော်ကိစ္စများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ အထူးစိစစ်ရေးကော်မတီများ စနစ်တကျဖွဲ့စည်း၍ လယ်ယာမြေကျူးကျော်ကိစ္စများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းသည်။



ယင်းနောက် တက်ရောက်လာသော သတင်းမီဒီယာများက လယ်ယာမြေသိမ်းဆည်းမှုနှင့် ဖြေရှင်းဆောင်ရွက်နေမှုများမေးမြန်းရာ တိုင်းဒေသကြီးဝန်ကြီးများဖြစ်သော ဒေါက်တာစိုးသိန်း၊ ဦးဇာနည်အောင်၊ ဦးမျိုးသစ်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းတို့က ပြန်လည်ဖြေကြားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကလေးသူငယ်များအတွေးအခေါ်ထက်မြက်လာစေရန် အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်

**ယင်းမာပင် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသား လူငယ်လေးများ အသိပညာပြည့်စုံပြီး ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်စေရေး၊ အတွေးအခေါ်များ ရင့်သန်၍ ပင်ကိုယ်အတွေးအခေါ်များ ထက်မြက်လာစေရန် ရည်ရွယ်၍ ယင်းမာပင်ခရိုင်ရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ယင်းမာပင်မြို့နယ် တံခါးရင်းကျေးရွာသို့ သွားရောက်၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဒုတိယဦးစီးမှူး ဒေါ်မေဇင်မိုးနှင့် ဝန်ထမ်းများသည် ယင်းနေ့က တံခါးရင်း ကျေးရွာ သုတဂုဏ်ရောင် စာကြည့်တိုက်တွင် ကော်မတီဝင်များ၊ စာပေဝါသနာရှင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေးတို့ကို ဟောပြောဆွေးနွေးပြီး သုတ၊ ရသ စာအုပ် ၃၅ အုပ်တို့ကို လှူဒါန်းပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင် ဦးကျော်သင်းလှုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး ဝန်ထမ်းများသည် တံခါးရင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့သွားရောက်ပြီး စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူလေးများကို စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပပေးကာ တတိယတန်း ကျောင်းသား၊ ကျောင်းသူများ နှင့် Game ဆော့ကစားခဲ့ကြသည်။

"ဆရာ၊ ဆရာမတို့လာတာကို သမီးတို့က ပျော်ပါတယ်။ ကာတွန်းလည်းဖတ်ရတယ်။ Game လည်း ဆော့ရတယ်။ ပုံပြင်လည်းနားထောင်ရတယ်။ ပန်းချီပုံလည်းဆွဲရတယ်။ အိမ်ရောက်ရင် ဒီထက်လှတဲ့ ပုံလေးတွေ ဆွဲကြည့်အုံးမှာပါ။ ကျွန်မတို့ကျောင်းကို မကြာမကြာလာခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု တတိယတန်းကျောင်းသူ မရွှေသဇင်ခိုင်က ပြောပြသည်။ **မေသရဖူဖူး**

## ကျေးလက်နေပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲကျင်းပ

**ကော့ကရိတ် နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကော့ကရိတ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မျိုးသန့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြတ်ဇော်မင်းတို့က လျှပ်စစ်ဓာတ်အား စနစ်တကျသုံးစွဲရန်၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းတွေ့ရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားရန်၊ ဓာတ်လိုက်မှုဖြစ်ပွားပါက အမြန်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ရှေးဦးသူနာပြုစုနည်းများအား ရှင်းလင်းပြောကြားခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကော့ဘိန်းကျေးရွာ မီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသူ၊ ကျောင်းသားများမှ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားပေးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

## အရက်၊ ကွမ်းယာ၊ ဆေးလိပ်များ၏ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ထုံးဘိုကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက်၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာန မြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းသား၊ သင်တန်းသူများ ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိဆွေက အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် သွေးတိုးရောဂါအကြောင်းကို တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ခုတင် ၅၀ ဆံ့ ဆေးရုံမှ ဒေါက်တာနန်းကျော့ခိုင်၊ ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

## မိုင်းဖြတ်မြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်



**မိုင်းဖြတ် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီက မြို့မဈေး၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြဇာတ်တိုက်ခြင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံနည်းစနစ်များကို လက်တွေ့ သရုပ်ပြသ၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# မြန်မာ့မန်ကျည်းဈေးကွက် ရုတ်တရက် တရုတ်အဝယ်လိုက်၍ နှစ်ဆခုန်တက်

**မန္တလေး နိုဝင်ဘာ ၂၀**

မြန်မာ့မန်ကျည်းဈေးကွက်မှာ ပုံမှန်ဝယ်ယူနေကျနိုင်ငံများမှ အဝယ်ရပ်တန့်သွားသော်လည်း တရုတ်နိုင်ငံမှ ရုတ်တရက် ဝယ်ယူမှုများကြောင့် ဈေးနှုန်းမှာ နှစ်ဆခုန်တက်သွားကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

မန်ကျည်းကို ယခင်က နှစ်စဉ် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ပုံမှန်ဝယ်ယူနေကျဖြစ်သော်လည်း ယခုနှစ် အောက်တိုဘာလမှစ၍ အိန္ဒိယမှ ငွေကြေးခက်ခဲမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သယ်ယူပို့ဆောင်ရေးခက်ခဲမှုကြောင့်လည်းကောင်း အဝယ်ရပ်တန့်ခဲ့သော်လည်း တရုတ်နိုင်ငံမှ ရုတ်တရက်ဝယ်ယူလာခြင်းကြောင့် လက်ရှိပေါက်ဈေးထက် နှစ်ဆခုန်တက်သွားကြောင်း မန္တလေးဈေးကွက်မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"မြန်မာ့မန်ကျည်းဈေးကွက်က တရုတ် အဝယ်လိုက်လို့ ကံကောင်းသွားတယ်ပြောရမယ်။ ဝယ်ယူမှုအားကလည်း ကောင်းနေပြီး အထွက်နှုန်းကလည်းနည်းတော့ ဈေးကောင်းရသွားတာပေ့ါ။ အသစ်ပေါ်ချိန်ကလည်း တပေါင်းလမှဆိုတော့ ဒီကြားထဲ ဈေးကဆက်တက်ဖို့ပဲရှိတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့မန်ကျည်းဈေးမှာ ပေါ်ကာစ မတ်လအတွင်းက အစေ့ပါ မန်ကျည်းတစ်ပိဿာလျှင် ၈၀၀ ကျပ်၊ အစေ့လွတ် မန်ကျည်းတစ်ပိဿာလျှင် ၁၄၀၀ ကျပ်သာ ရှိခဲ့ရာမှ အောက်တိုဘာလမှစ၍ အစေ့ပါမန်ကျည်းတစ်ပိဿာလျှင် ကျပ် ၁၈၀၀ နှုန်းနှင့် အစေ့လွတ်မန်ကျည်းတစ်ပိဿာလျှင် ကျပ် ၂၈၀၀ နှုန်းအထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးများတွင် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှုန်းအထိ လက်လီရောင်းချလျက်ရှိသည့်အပြင် မန်ကျည်းအစေ့ကိုပင် ပြည်ပနိုင်ငံများမှ တစ်ပိဿာလျှင် ကျပ် ၃၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

မန်ကျည်းကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ထုပ်ပိုးမှုစနစ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုး၍လည်းကောင်း၊ တရုတ်နိုင်ငံသို့ ပလတ်စတစ်အိတ်အပြင် ဂျပ်စက္ကူပုံးများတွင် ထပ်မံထည့်သွင်း၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက LIFT မှလှူဒါန်းသောရန်ပုံငွေဖြင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုအသိပေးရှင်းလင်း

**မလှိုင် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် LIFT မှ လှူဒါန်းသောရန်ပုံငွေဖြင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းက LEGACY စီမံကိန်းကို SCI , IPA , PGMF တို့နှင့်အတူ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေးများ၏ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၁၇ ရက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည် ။

LEGACY စီမံကိန်း အသိပေးရှင်းလင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း စီမံချက် မန်နေဂျာ ဒေါ်ဝင်းမာက စီမံချက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ မလှိုင်မြို့နယ် စီမံချက်အရာရှိ ဒေါ်မြမြသွေးက အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီမံကိန်းဝင်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသိပေးပြောကြားခဲ့သည်။

စီမံကိန်းမှာ ကိုယ်ဝန်ဆောင်များသာ အကျိုးခံစားခွင့်ရှိပြီး ကိုယ်ဝန်သုံးလ ပြည့်ပြီးသည့်အချိန်မှစ၍ စီမံကိန်း ဝင်ရောက်နိုင်ပြီး ကလေးနှစ်နှစ်သားအထိ အကျိုးခံစားခွင့် ရှိမည်ဖြစ်သည်။ ကိုယ်ဝန်သုံးလမှ ကလေးနှစ်နှစ်အထိ လစဉ်ငွေကျပ် ၁၀၀၀၀ ထောက်ပံ့သွားမည်ဖြစ်ပြီး မိခင်သည် ကိုယ်ဝန်ပျက်ကျခြင်း၊ မွေးပြီး ၂၉ ရက် အတွင်း ကလေး သေဆုံးပါက ခြောက်လသာ ငွေကြေးထောက်ပံ့သွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာအထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မလှိုင်မြို့နယ်အတွင်း၌ ဧပြီလမှ အောက်တိုဘာအထိ စီမံကိန်းဝင် ကျေးရွာ (၇၈) ရွာမှ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေးငယ် ၇၀၆ ဦးတို့အတွက် ငွေကျပ် ၂၁၆ သိန်းကျော်ဖြင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## တီဘီရောဂါရှာဖွေစမ်းသပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး



**ဟိုမိန်း နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့၌ ဒေသခံပြည်သူများ လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးကို ရည်ရွယ်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် 3MDG အဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်သည့် တီဘီရောဂါတိုက်ဖျက်ရေး (Mobile Team) အဖွဲ့သည် ဟိုမိန်း တိုက်နယ်ဆေးရုံသို့ နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် လင်းခေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မို့မို့ကြည် ဦးဆောင်သောအဖွဲ့ဝင်များနှင့်အတူ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ဒေါက်တာဒေါ်နန်းဟေမာလင်း ဦးစီးသောအဖွဲ့ဝင်များက ကွင်းဆင်း၍ တီဘီရောဂါရှာဖွေ စမ်းသပ်ကုသပေးမှုနှင့် အထွေထွေကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းကုသပေးရာသို့ ဟိုမိန်းမြို့ဒေသခံပြည်သူများအပြင် ခုံလုံကျေးရွာအုပ်စု၊ မယ်အောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများပါ လာရောက်ပြသကုသမှု ခံယူကြကြောင်း သိရသည်။

တီဘီရောဂါရှာဖွေရာတွင် သလိပ်စစ်ဆေးပေးခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှ တီဘီသံသယရှိသူ ၁၅၀ ခန့် စစ်ဆေးပေးနိုင်ခဲ့ကြောင်း၊ ဓာတ်မှန်ရိုက် စစ်ဆေးမှုအရ တီဘီအနာနှင့် သလိပ်တွင်တီဘီပိုး တွေ့ရှိသော လူနာများအား လိုအပ်သော ဆေးဝါးများ အခမဲ့ပေးအပ်ခဲ့သည်။ ကွင်းဆင်းဆောင်ရွက်မှုတွင် ဒေသခံပြည်သူ ၁၇၉ ဦးအား ကျန်းမာရေး စစ်ဆေး ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

## မသန်စွမ်းသူများ၏သန်စွမ်းမှုစွမ်းရည်ပြပွဲအဖြစ် မုံရွာမှ မန္တလေးအထိ ဝှီးချဲတွန်းမည်

**မုံရွာ နိုဝင်ဘာ ၂၀**

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တို့ ပူးပေါင်းကာ နိုဝင်ဘာ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အထိ မသန်စွမ်းသူများမှ ဝှီးချဲများတွန်းကာ သန်စွမ်းမှုစွမ်းရည်များ ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) မန္တလေးရုံးခွဲမှ တာဝန်ခံ မချိုလဲ့ရည်က "မသန်စွမ်းသူတွေရဲ့ စိတ်ဓာတ်နဲ့ ကြံ့ခိုင်စွမ်းရည်၊ ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည်တွေ တိုးတက်မြင့်မားစေရန်ရည်ရွယ်ပြီး နိုဝင်ဘာ ၂၉ရက် မုံရွာမြို့က စတင်ထွက်ခွာပြီး ဝှီးချဲတွန်းစွမ်းရည် ပြသမှာ ဖြစ်ပါတယ်။ ဒီနှစ်ပါဆိုရင် ခြောက်ကြိမ်မြောက် ရှိပါပြီ။ အဲဒီလို ဝှီးချဲစွမ်းရည် ပြသရာမှာ နိုဝင်ဘာ ၂၉ ရက်မှာ မုံရွာမြို့- ချောင်းဦးမြို့၊ ၃၀ ရက်မှာ ချောင်းဦးမြို့ကနေ မြင်းမူမြို့၊ ဒီဇင်ဘာ ၁ ရက်မှာ မြင်းမူမြို့ ကနေ စစ်ကိုင်းမြို့၊ ၂ ရက်မှာ စစ်ကိုင်းမြို့ကနေ မန္တလေးမြို့ကို ပန်းဝင်မှာ ဖြစ်ပါတယ်။

"မန္တလေးမြို့ကို ပန်းဝင်တဲ့အခါမှာ အဲဒီက မသန်စွမ်းအရေး လှုပ်ရှားနေကြတဲ့ အဖွဲ့အစည်း (CSO)တွေကနေ သောင်းသောင်းဖြဖြ လာရောက် ကြိုဆိုကြမယ်။ လမ်းခရီးတစ်လျှောက်က ညအိပ် ရပ်နားတဲ့မြို့တွေမှာလည်း ညစဉ် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း(ပြင်ဦးလွင်)မှ အောင်စည်ဖြိုးသာ မျက်မမြင် ခေတ်ပေါ်တီးဝိုင်းက အမြင်အာရုံအားနည်းသူများနဲ့ ကိုယ်အင်္ဂါမသန်စွမ်းသူတွေက ဂီတဖြင့် ဖျော်ဖြေပြီး မသန်စွမ်းမှုဆိုင်ရာ အသိပညာများကို ပေးဝေသွားမှာဖြစ်ပါတယ်။ အားလုံးက မသန်သော်လည်း စွမ်းသူတွေအဖြစ် တက်ကြွစွာဖြင့် ပါဝင်လှုပ်ရှားကြမယ်။ ကျွန်မတို့ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နဲ့အတူ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ အခြားဌာနဆိုင်ရာတွေကလည်း အားတက်သရော ပူးပေါင်းပါဝင်ပြီး စည်ကား သိုက်မြိုက်စွာ ကျင်းပမယ်"ဟု ပြောကြားသည်။




ယင်းကဲ့သို့ မသန်စွမ်းသူများမှ ဝှီးချဲများတွန်းကာ စွမ်းရည်များ ပြသကြရာတွင် အမြင်အာရုံချို့တဲ့သူ ၁၂ ဦး၊ ရန်ကုန်နှင့် မန္တလေးမှ မသန်စွမ်း ဝှီးချဲတွန်းသူ ၂၅ ဦး၊ စက်ဘီးစီးမည့်သူနှစ်ဦး ပါဝင်ကြမည်ဖြစ်ကာ ကူညီပံ့ပိုးအုပ်ချုပ်သူများ၊ ဆေးအဖွဲ့များနှင့်အတူ မုံရွာ-မန္တလေးလမ်းတစ်လျှောက် စွမ်းရည်များ ပြသကြမည်ဖြစ်ကြရာ အဆိုပါ စွမ်းရည်ပြသမည့် မသန်စွမ်းသူများအဖွဲ့အား အလှူငွေများ ဆက်သွယ် ကူညီ၊ လှူဒါန်းလိုပါက ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဖုန်းနံပါတ် ၀၉-၄၀၂၆၇၅၃၇၅၊ ၀၉-၅၁၀၃၇၂၅ သို့ ဆက်သွယ်ကူညီ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဝံသာနုစိတ်ဓာတ်ကိုသန္ဓေတည်ပေးခဲ့သောအမျိုးသားနေ့

မောင်သောင်းဝင်း(တမန်ဟောင်း)




ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ဂုဏ်ယူတန်ဖိုးထားသည့် ထူးခြားလေးနက်သော နေ့ရက်များရှိကြသည်။ ထိုထူးခြားလေးနက်သည့်နေ့ရက်များတွင် အဓိပ္ပာယ်ရှိသောဦးတည်ချက်များဖြင့် အထိမ်းအမှတ်အခမ်းအနားများကျင်းပလျက်ရှိကြသည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့်တန်ဖိုးမဖြတ်နိုင်သော အထိမ်းအမှတ်နေ့များရှိပါသည်။ ထိုနေ့များအနက် လွတ်လပ်ရေးတိုက်ပွဲကာလတွင် ပြည်သူများအား မောင်းနှင်အားဖြစ်စေသည့် နေ့တစ်နေ့ရှိခဲ့သည်။ ထိုနေ့ကား အခြားမဟုတ်ချေ။ တိုင်းရင်းသားပြည်သူအားလုံး သိရှိထားပြီးဖြစ်သည့် အမျိုးသားနေ့ (National Day)ပင်ဖြစ်ပေသည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ကျောင်းသားလူငယ်များက နယ်ချဲ့အစိုးရကို အတိအလင်း တော်လှန်ခဲ့သည့် သမိုင်းဝင်သောထိုနေ့၊ ထိုရက်ကို မျိုးဆက်သစ်လူငယ်များ အမှတ်တရရှိနေစေရန်အတွက် နှစ်စဉ်တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ အမျိုးသားနေ့အခမ်းအနားများ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ကျောင်းသားများအပါအဝင် ဝန်ထမ်းများနှင့်ပြည်သူအားလုံး တစ်ခဲနက်ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ထိုနေ့ကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့သည် (၉၆) နှစ်မြောက် အမျိုးသားနေ့ အခါသမယဖြစ်ပေသည်။

### လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲ

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မဟုတ်ချင်းပျံ့နှံ့သွားခဲ့သည်။ ထို့အပြင် ထိုသပိတ်ကို အခြေခံပြီး ထွက်ပေါ်လာသည့်မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရယူ တည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်ခဲ့သည်။

နယ်ချဲ့တို့၏ အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများအား ပညာရည်အဆင့်အတန်းနိမ့်ပါးအောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုရည်မှန်းချက်နှင့်အညီ ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အဓိက အချက် ၆ ချက်ပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။

ထို့အပြင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူ လူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့် ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏ သား၊ သမီးများကို ပညာဆက်လက်သင်ကြားခွင့် မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဌာန်းထားခြင်းဖြစ်သည်။

### တက္ကသိုလ်အက်ဥပဒေကို အတည်ပြု

အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင် ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ် ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက် ဆရာတော်ဦးအရိယ ကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ကိုသပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက်တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

### အမျိုးသားကျောင်းများတည်ထောင်

မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေပြောင်းလဲသွားသဖြင့် ဒီဇင်ဘာလ ၅ ရက်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင်ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦးကိုယ်တိုင်လက်မှတ်ထိုး၍ ကျောင်းသားကြေညာချက်ကို ဘုရင်ခံထံပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပါအချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများတည်ထောင်ရန် ဂျီစီဘီအေ ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့်ကျောင်းသားများကိုပါထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကိုဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်းဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများပေါ်ထွန်းလာခဲ့သည်။

### ပညာရေးအမြတ်ပေါ်ထွက်

မည်သို့ပင်ဆိုစေကာမူ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုးပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် တော်လှန်ရေးအောင်ပွဲဟုလည်းဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားနေ့ စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊အလုပ်သမား သပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများဆက်တိုက်ပေါ်ထွက်ခဲ့သည်။

အမှန်စင်စစ်မှာမူ အမျိုးသာရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ပေသည်။

### ဝံသာနုစိတ်ဓာတ်ကိုအခြေခံ

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် ဝံသာနု စိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်အထိတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့်အချုပ်အခြာအာဏာ၏ အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ဂျီစီဘီအေ အသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့်အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day) အဖြစ် တညီတညွတ်တည်းဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့ထိုရက် ရောက်ရှိလျှင် အမျိုးသားနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော အမျိုးသားနေ့သည် ပြည်ထောင်စုဖွား မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများအတွက် အမြဲတစေ သတိရနေရန်လိုအပ်သည့် နေ့ထူးနေ့မြတ်တစ်ရက်ပင်ဖြစ်ပါကြောင်း (၉၆)နှစ်မြောက် အမျိုးသားနေ့ကိုလှိုက်လှဲစွာကြိုဆို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

> “ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော အမျိုးသားနေ့သည် ပြည်ထောင်စုဖွား မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများ . . . ”




## နိုင်ငံတကာမသန်စွမ်းသူများနေ့ လူထုအသိပညာပေး ခရီးစဉ်စတင်

**ရန်ကုန် နိုဝင်ဘာ ၂၁**
နိုင်ငံတကာမသန်စွမ်းသူများနေ့ လူထုအသိပညာပေးရန်အတွက် ရန်ကုန်-မော်လမြိုင်ခရီးစဉ် စတင်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ နံနက် ၆နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်း ၆မိုင်ခွဲရှိ CB Bank ခွဲ မျက်နှာစာရှေ့မှ ထွက်ခွာခဲ့သည်။

အဆိုပါ ခရီးစဉ်မှာ ရန်ကုန်မှ မော်လမြိုင်ခရီးစဉ်ဖြစ်ပြီး နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ လူထုအသိပညာပေးပွဲတွင် မသန်စွမ်းသူများအတွက် CB Bank မှ Wheel Chair များ၊ ခရီးစဉ်အတွက် အသုံးပြုရန် မော်တော်ယာဉ်များ ကုန်ကျစရိတ်၊ အင်္ကျီများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းကူညီပံ့ပိုးထားပြီး ခရီးစဉ်တစ်လျှောက်ရှိ သက်ဆိုင်ရာမြို့များ၏ CB Bank ခွဲများမှလည်း ကြိုဆို၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## အပြည်ပြည်ဆိုင်ရာကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာနေ့ (CRC Day)အထိမ်းအမှတ် ကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၂၁**
(၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်နေ့ အထိမ်းအမှတ် အခမ်းအနား (CRC Day) ကို ယမန်နေ့က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ အမှာစကားပြောကြားပြီး မြို့နယ်စေတနာလုပ်ငန်းထမ်းအရာရှိ ဦးရွှေဝင်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝေါ်ဗွီးရှင်းမြန်မာ (မြောင်းမြ) စီမံချက်မန်နေဂျာ ဒေါ်မိုင်သက်နွယ်ဦးက မြို့နယ်အတွင်း ဝေါ်ဗွီးရှင်းမြန်မာက တစ်နှစ်တာကာလအတွင်း ကလေးသူငယ်အခွင့်အရေးဖွံ့ဖြိုးမှုဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးကာ (၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အထိမ်းအမှတ်နေ့ အကြိုကာလ ဉာဏ စွမ်းရည် ပြိုင်ပွဲများတွင် KG ကျောင်းများမှ ဆုရ ကျောင်းသား ကျောင်းသူလေးများအား မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ဝေါ်ဗွီးရှင်းမြန်မာ စီမံချက်မန်နေဂျာ ဒေါ်မိုင်သက်နွယ်ဦးနှင့် မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ ပြသထားသော မှတ်တမ်းဓာတ်ပုံနှင့် ဆုရ ကလေးငယ်များ၏ ပန်းချီကာတွန်းပုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးနှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဝေါ်ဗွီးရှင်းမြန်မာမှ တာဝန်ရှိသူများ၊ ကျေးရွာကလေးသူငယ်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များနှင့် ကလေးငယ်များ တက်ရောက်ကြပြီး တပင်ချောင်းကျေးရွာကလေးငယ်များက လောဘရဲ့ သားကောင်၊ ရွာသာကြီးကျေးရွာ လူငယ်လေးများက နေ့သစ်လေးရဲ့ လင်းရောင်ခြည် တခန်းရပ်ပြဇာတ်တို့နှင့် ရေငန်းတောင်ကုန်းကျေးရွာမှ လူငယ်လေးများက သီလျက်နဲ့ တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာပိုင်းရပ်စ်ရောဂါ၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြော



**သုံးခွ နိုဝင်ဘာ ၂၁**
ကျေးလက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာပိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုးသွေးဖောက်စစ်ဆေးခြင်းတို့ကို ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တကောကျေးရွာနှင့် ကျောင်းစုပတုပ်ကျေးရွာတို့တွင် နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပခဲ့သည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရပကန)အဖွဲ့မှ ငှက်ဖျားမှူး ဦးဝင်းမောင်နှင့် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့် (၁) ဦးအောင်ဇော်ထက်တို့က ငှက်ဖျားရောဂါအကြောင်းနှင့် ဇီကာပိုင်းရပ်စ်အကြောင်းတို့ကို ဟောပြောကြသည်။

ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ရပကန)အဖွဲ့ဝင်များ၊ ဘုရားကြီးကျေးလက် ကျန်းမာရေးဌာနဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းငှက်ဖျားလုပ်သားများ ပူးပေါင်းဆောင်ရွက်မှုဖြင့် နေအိမ်များအရောက် ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုးသွေးဖောက်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

## အသေးစားစက်သုံးဆီအရောင်းဆိုင်ရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ဖြစ်ရေးကော်မတီဖွဲ့စည်း

**ချောင်းဆုံ နိုဝင်ဘာ ၂၁**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အသေးစားစက်သုံးဆီအရောင်းဆိုင်များအား စည်းမျဉ်း၊ စည်းကမ်းနှင့်ညီညွတ်သော စက်သုံးဆီအရောင်းဆိုင်ငယ်များ တရားဝင်ဖြစ်လာစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိစေရန်အတွက် အသေးစားစက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် မြို့နယ်စက်သုံးဆီကြီးကြပ်မှုကော်မတီတို့မှ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စက်သုံးဆီအရောင်းဆိုင်နှင့်ပတ်သက်ပြီး စက်သုံးဆီအရောင်းဆိုင်များ တရားဝင်ဖြစ်လာစေရန်၊ နိုင်ငံတော်မှ အသေးစားစက်သုံးဆီအရောင်းဆိုင်ငယ်များမှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများ ရရှိစေရန်၊ အသေးစား စက်သုံးဆီအရောင်းဆိုင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်နိုင်ရေး မီးဘေးလုံခြုံမှုရှိစေရန်၊ အများပြည်သူများ ခရီးသွားလာရာတွင် လျင်မြန်ချောမွေ့စေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့်အခွင့်အလမ်းရရှိစေရန်အတွက် ဖွဲ့စည်းရခြင်းဖြစ်ကြောင်း မြို့နယ်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ထူးအိမ်(ပြန်/ဆက်)**

## (၉၆) နှစ်မြောက်အမျိုးသားနေ့ အကြိုဟောပြောပွဲ နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကရသူရိ နိုဝင်ဘာ ၂၁**
(၉၆) နှစ်မြောက်အမျိုးသားနေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်စာပေပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကရသူရိမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်အေးသန္တာဖြိုးက မြန်မာနိုင်ငံ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ ဖြစ်ပေါ်ပြောင်းလဲလာပုံအကြောင်းသိကောင်းစရာများ၊ စာပေဖတ်ရှုခြင်းအလေ့အထ တိုးပွားရေး၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ လွတ်လပ်ရေးနှင့် နိုင်ငံ့အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စိတ်များ ရှင်သန်နိုးကြားလာရေး စသည့်ဗဟုသုတဖြစ်ဖွယ်များအား ဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**



## မင်္ဂလာဒုံမြို့နယ်တွင် နိုင်ငံခြားသားများလိုက်နာရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**
ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းရှိ ဇေကမ္ဘာခန်းမ၌ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံခြားသားများ လိုက်နာရမည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲကိုကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းက မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နိုင်ငံခြားသားများ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

မင်္ဂလာဒုံမြို့နယ်တွင် စက်မှုဇုန် သုံးဇုန်ရှိပြီး ၎င်းစက်မှုဇုန်များ၌ အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသား ၅၆၀ ကျော်နှင့် ပြင်ပတွင်တည်းခိုနေထိုင်သူ ၁၅၀ ကျော်ရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်မှုရှိသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်ပိုင်ရှင်များကို ယခုလိုခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ မင်္ဂလာဒုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် မြို့နယ်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေဇင်ဖြိုး(WZP)**

## သန်လျင်မြို့နယ်တွင် လမ်းသစ်ဖွင့်ပွဲကျင်းပ

**သန်လျင် နိုဝင်ဘာ ၂၀**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် နယ်မြေ ၁၀ ဘောဂဈေးအနီးတွင် လမ်းအရှည် ပေ ၁၉၀၊ အကျယ် ၁၃ ပေ၊ ထု ခြောက်လက်မ၊ နှစ်ဖက်ရေမြောင်းပါ ကွန်ကရစ်လမ်းသစ်ကို အဆိုပါဈေးမှ ဦးမြင့်စိန်- ဒေါ်ကျင်စိုးမိသားစု၏ မတည်ငွေကျပ် ၁၈၅၀၀၀၀ နှင့် ဈေးသူဈေးသားများ၏ ထည့်ဝင်ငွေဖြင့် ပူးပေါင်းဖောက်လုပ်ပြီး၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ လုပ်ငန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်ဌေး(သန်လျင်)**

## တမူးခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၅၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

**တမူး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးရွာများ၏ လိုအပ်ချက်၊ ကြိုတင်မျှော်မှန်းချက်များကို ကျေးရွာများက ကိုယ်တိုင်ရေးဆွဲနိုင်စေရန်ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းများကို နိုဝင်ဘာ ဒုတိယပတ်မှစတင်၍ ကျေးရွာများအရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲတတ်စေရန် ပထမအသုတ်ကို ထင်းဇင်(ရွာဟောင်း) ကျေးရွာလူငယ်ခန်းမ၌ ကျေးရွာပေါင်း ၁၈ ရွာမှ သင်တန်းသား ၃၆ ဦးကိုလည်းကောင်း၊ ဒုတိယအသုတ်ကို ပန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပေါင်း ၁၉ ရွာမှ သင်တန်းသား ၃၈ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ တတိယအသုတ်ကို နိုဝင်ဘာ ၂၂ ရက်တွင် မင်းသာကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပေါင်း ၂၀ ရွာမှ သင်တန်းသား ၄၂ ဦးဖြင့် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်ရန်ပုံငွေကို တမူးမြို့နယ် နန်းခေါက်ခေါက်ကျေးရွာမှ လုပ်ငန်း(၄) မျိုးလုပ်ကိုင်သူ ၇၂ ဦးအတွက် ချေးငွေ ၃၄၃ သိန်းကို ကျေးရွာကော်မတီထံ နိုဝင်ဘာ ၁၆ ရက်က လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

တမူးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ ၁၆ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ်မြောက်အဖြစ် နန်းခေါက်ခေါက်ကျေးရွာအပါအဝင် စုစုပေါင်း ကိုးရွာတွင် မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## ကိုရီးယား-မြန်မာ စီမံကိန်းကျေးရွာဖြစ်သည့် ယာကြီးတောသို့ နယ်လှည့်စာကြည့်တိုက် သွားရောက်ဖွင့်လှစ်ပေး

**ချောင်းဦး နိုဝင်ဘာ ၂၀**

ကိုရီးယား-မြန်မာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကျေးရွာဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ယာကြီးတောကျေးရွာသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲအဖြစ် နိုဝင်ဘာ ၁၇ ရက်ကပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ချောင်းဦးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ယုယုဝင်းက ယာကြီးတောကျေးရွာ၏ လမ်းပြကြယ်စာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ပိုးသတ်ဆေးသုံးစွဲသူများ လိုက်နာရမည့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေအကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ ယာကြီးတောကျေးရွာမှာ ဆယ်မာအူးလ်စီမံကိန်းကနေ ယခုနှစ်မှာ လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်မီးရရှိရေး၊ ရွာအဝင်လမ်းတစ်လျှောက် လမ်းခင်းခြင်းအပြင် သံဇကာဖြင့် အိမ်ခြံစည်းရိုးများ ကာရံပေးခြင်း၊ ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နောက်နှစ် ၂၀၁၇ ခုနှစ်မှာဆိုရင် ရွာအတွက် ကျေးရွာစာကြည့်တိုက်နှင့် ခန်းမတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှာဖြစ်တာကြောင့် စာကြည့်တိုက်ကဏ္ဍ ဖြစ်မြောက်အောင်မြင်အောင် ယခုကတည်းက ပြန်/ဆက်ဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ယာကြီးတောကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဥက္ကဋ္ဌ ဦးနိုင်ထူးပြောသည်။

ယာကြီးတောကျေးရွာရှိ စာပေဝါသနာရှင်များသို့ ချောင်းဦးမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ယုယု(ချောင်းဦး)**

## သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးခဲ့သည့် နေအိမ်များမှ အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တပ်ကုန်း နိုဝင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် နိုဝင်ဘာဒုတိယအပတ်က မိုးအဆက်မပြတ်ရွာသွန်း၍ ဆင်သေချောင်းရေကြီးရေလျှံဖြစ်ပြီး ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာ ချောင်းကမ်းပါးအနီးရှိ လူနေအိမ်ရှစ်လုံး ရေနစ်မြုပ်မျောပါပျက်စီးခဲ့သည့် လူနေအိမ်များမှ အိမ်ထောင်စုဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့မှ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပစ္စည်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်အိမ်ထောင်လျှင် ရေသန့်ပုံး၊ ရေပုံး၊ လက်သည်းညှပ် အမျိုးသမီးလစဉ်သုံးပစ္စည်း၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ၊ ကိုယ်တိုက်ဆပ်ပြာ၊ ဆပ်ပြာခွက်၊ အဝတ်လျှော်ဆပ်ပြာ၊ အိမ်သာသုံးစက္ကူ၊ ဆပ်ပြာမှုန့်၊ ခေါင်းလျှော်ရည်၊ သောက်ရေခွက်၊ ခေါင်းဘီး၊ ရေသန့်ဆေးပြားနှင့် မုတ်ဆိတ်ရိတ်ဓားတို့ဖြစ်ပြီး ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့မှ တစ်အိမ်ထောင်လျှင် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ငါးသေတ္တာနှင့် ငွေကျပ် ၂၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းဘေးရှိစာသင်ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်လိုအပ်

**မော်လူး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး၏ လမ်းဘေးဝဲယာများရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် နေ့စဉ်ကျောင်းသွားကျောင်းပြန် အချိန်အခါမရွေး စိုးရိမ်ကြောင့်ကြမှုမရှိ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။



"ကျွန်တော်တို့ သားသမီးတွေ ကျောင်းတက်၊ ကျောင်းဆင်းချိန်မှာ မတော်တဆယာဉ်တိုက်မှု အန္တရာယ်တွေမဖြစ်ရလေအောင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စောင့်ရှောက်ကူညီပေးဖို့ လိုအပ်ပါတယ်။ အဓိကတော့ KG တန်းနဲ့ သူငယ်တန်းကလေးသူငယ်တွေဟာ ကျောင်းဆင်းတာနဲ့ ကားလမ်းပေါ်ကို ခုန်ပေါက်ပြေးလွှားဆော့ကစားရင်းနဲ့ အိမ်ပြန်ကြတာပါ။ တစ်ခါတလေ မိဘအုပ်ထိန်းသူတွေ အကြိုအပို့မလာနိုင်တဲ့အခါ စိုးရိမ်ပူပန်ရပါတယ်" ဟု မော်လူးမြို့မှ ကျောင်းသားမိဘတစ်ဦးကပြောပြသည် ။

ယခုလို ပွင့်လင်းရာသီတွင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ် ဖြတ်သန်းသွားလာလျက်ရှိသော ကုန်တင်မော်တော်ယာဉ်ကြီးများ၊ ဆီသယ်မော်တော်ယာဉ်ကြီးများကြောင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ဒေသခံစည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များထားရှိသင့်ကြောင်း ဒေသခံပြည်သူများကဆိုသည်။

**(၀၅၈)**

## ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

**ဟားခါး နိုဝင်ဘာ ၂၀**

ဟားခါးမြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်ဒေါ်ရွှေဇင်လင်း၊ ဒုရဲအုပ်မင်းဇော်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း၊ ဒုရဲမှူးကျော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ ကျန်းမာရေးအသိပညာပေးကို ကျန်းမာရေးဌာနမှ ဒေါ်မန်အီယာန်ကျင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မြမြတ်ငြိမ်းနှင့် သဘာဝဘေးအန္တရာယ်သိကောင်းစရာများအကြောင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရမ်ချွန်မာန်းတို့က ဟောပြောခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ (၅) ဧက စံပြကွက်ကွင်းသရုပ်ပြ

**အောင်လံ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ (၅)ဧက စံပြကွက်ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက သံရွာအုပ်စု စမ်းကလေး(ရွာမ) ကျေးရွာ ချည်မျှင်ရှည်ဝါစံပြကွက်၌ ကျင်းပခဲ့သည်။

ယင်းသရုပ်ပြပွဲတွင် ဒုတိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ အောင်လံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးမောင်နှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ခင်ထွန်း၊ ဘွက်ကြီးဆည်မြောင်းဦးစီးမှူး ဦးစိုးအောင်နှင့် မိုးဖုန်း၊ မြွေရိုး၊ ငွေးကုန်း၊ စမ်းကလေးကျေးရွာများမှ လေ့လာသူ တောင်သူ ၁၀၇ ဦးတို့ တက်ရောက်ခဲ့သည်။

သရုပ်ပြပွဲတွင် ဒုတိုင်းဦးစီးမှူး ဦးမြင့်စိန်က မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်းနှင့် ဝါအထွက်တိုးရေး စိုက်ပျိုးမှုနည်းစနစ်များကို ရှင်းလင်းပြောကြားဆွေးနွေးပြီး တောင်သူများသိလိုသမျှ စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အကြောင်းအရာများကို တာဝန်ရှိသူအသီးသီးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## မိုးစပါးရိတ်သိမ်းချိန်ဖြစ်သောကြောင့် နေ့စားစပါးရိတ်တောင်သူများ အဆင်ပြေ

**ပေါင် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ယခုအချိန်အခါတွင် တောင်သူများ မိုးစပါးများရိတ်သိမ်းချိန်ဖြစ်သောကြောင့် နေ့စားစပါးရိတ်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း နေ့စားအငှားလိုက်တောင်သူများထံမှ သိရသည်။

ပေါင်မြို့နယ်သည် မိုးစပါးပေါ်ချိန်တွင် ကျေးရွာတိုင်းရှိ တောင်သူများက မိမိတို့၏ တစ်နှစ်စာအတွက် စားသုံးရန်နှင့် စီးပွားဖြစ် ရောင်းချရန် မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်သောကြောင့် စပါးကိုအများဆုံး စိုက်ပျိုးကြောင်း သိရသည်။ ယခုအချိန်အခါတွင် မိုးစပါးများ ပေါင်မြို့နယ်အတွင်း၌ ဖြိုင်ဖြိုင်ပေါ်ချိန်ဖြစ်သည့်အပြင် မိုးစပါးစိုက်တောင်သူများက အချိန်အခါမဟုတ် မိုးရွာသွန်းမည်ကို စိုးရိမ်၍ မိမိတို့၏ စပါးစိုက်ခင်းများပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေကြပြီး စိုက်ပျိုးထားရှိသော စိုက်ခင်းများကို တစ်ခင်းပြီးတစ်ခင်း အမြန်ရိတ်သိမ်းနေရကာ နေ့စားစပါးရိတ်တောင်သူများ နေ့စဉ်အလုပ်နှင့်လက်မပြတ် လုပ်ကိုင်နေရ၍ နေ့စဉ်ဝင်ငွေရရှိနေပြီး စီးပွားရေးအဆင်ပြေနေကြကြောင်း သိရသည်။

"အခုက ရာသီဥတုမမှန်တော့ဘူးလေ။ ကိုယ့်စပါးစိုက်ခင်းတွေ မိုးမမိအောင် အချိန်မီလုပ်ကိုင်နေရတယ်။ မိုးမိတာများသွားရင် လုပ်ရတာ ခက်ခဲတယ်။ ဟိုဟာပြန်လုပ် ဒီဟာပြန်လုပ်နဲ့ အရမ်းကိုရှုပ်တာ။ နောက်ပြီး ဈေးကောင်းရတော့မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့မြို့နယ်က မိုးစပါးစိုက်တောင်သူတွေ မိုးရွာမှာကို စိုးရိမ်နေကြပြီး စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကိုလည်း တစ်ခင်းပြီးတစ်ခင်း သိမ်းဆည်းနေကြပါတယ်။ တချို့ကတော့ စက်နဲ့ သိမ်းဆည်းနေကြတာလည်းရှိပါတယ်။ ကျွန်တော်တို့ စပါးရိတ်အငှားလိုက်တဲ့သူတွေအတွက်ကတော့ နေ့တိုင်း အလုပ်လုပ်နေရတော့ အဆင်ပြေပါတယ်ခင်ဗျ။ တစ်နေ့ကို ကျွန်တော်တို့ သူ့ထမင်းစား ငွေကျပ် ၆၀၀၀ ရပါတယ်။ ပြီးတော့ စပါးစိုက်ထားတဲ့ တောင်သူတိုင်းက အပြိုင်အဆိုင်ငှားနေကြတော့ နေ့စဉ်ဝင်ငွေရပြီး စီးပွားရေးအဆင်ပြေပါတယ်" ဟု ကျွဲခြံကျေးရွာမှ နေ့စားစပါးရိတ်အငှားလိုက်သူ ဦးစောသင်းက ပြောသည်။

**ကိုဟိန်း(ပေါင်)**

New One HospiSmartPro
SmartHotelPro New Two
New Three FamilyPOS

Since 2007
9th iNFO Net
future through technology
Anniversary Promotion
18th ~ 30th November, 2016

လုပ်ငန်းသုံးကွန်ပျူတာစာရင်းကိုင်စနစ်အမျိုးမျိုးရရှိနိုင်သော iNFO Net ၏ (၉) နှစ်မြောက်နှစ်ပတ်လည် အထူးအစီအစဉ်များ
Get free anniversary shirt gift!
နှစ်ပတ်လည်အမှတ်တရအင်္ကျီလက်ဆောင်
Get free APK for online reporting anywhere!
စာရင်းအချက်အလက်များကို နေရာဒေသမရွေးကြည့်ရန်
Get up to 30% off during promotion!
အထူးအစီအစဉ်ကာလအတွင်း (၃၀%) ထိလျှော့ဈေး။

ဆက်သွယ်ရန် ..... (၂၄၊၂၆)၊ ဒုတိယထပ်၊ ထမ်းနှာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၂၅၀၀၃၃၃၀၀၊ ၂၅၀၀၃၃၄၀၀ Email: infonetygn@gmail.com, Website:infonetygn.com.


## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

စကြာမင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏ အရည်အသွေးစီမံခန့်ခွဲမှု (Quality Management System) ကို BVCH SAS UK Branch မှ ISO 9001: 2015 Scope of Certification : RESEARCH, DEVELOPMENT AND MANUFACTURING OF TRADITIONAL MEDICINES (DOSAGE FORM- TABLET, OINTMENT, INHALER AND POWDER) Certificate No. TH 009365အား ထိုက်ထိုက်တန်တန် ရရှိအောင် ဦးဆောင်လမ်းညွှန်မှုပေးသော ဆရာကြီး MD ဒေါက်တာမြင့်ဝေ (ခ) ဆရာမြင့်အား ကျေးဇူးအထူး တင်ရှိပါကြောင်းနှင့် ISO 9001: 2015 Certificate ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဝန်ထမ်းများ
စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ


FULLY LIGHT ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဗဟိုစင်တာ(၁)၊ဘီဆောင်-၀၀၁၊မြေနီကုန်း၊စမ်းချောင်း၊
01-503815 ,09-333 777 82,09-42 101 3085

ဂျူလိုင်အဆင့်မြင့်ဧည့်ရိပ်မွန်
အခန်းတိုင်းရေပူရေအေး၊ Aircon, TV, စလောင်း ပါဝင်ပြီး
ချိုသာသောန္တုန်းထားဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
ပဒေသာကားကြီးဝင်းအနီး ပြင်ဦးလွင်မြို့။
Ph; 0943177563,0933363510


### ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7I/1652 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)


မိုးသောက်ဝန်းအဆင့်မြင့်ဗူတြို
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တတ်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ဝန်း ရှိနေမယ်"
နံနက်(၉:၀၀)နာရီမှ (၃:၀၀)နာရီအထိ
ကျောင်းဖွင့်ထားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စေ့ဆုံ: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

သင့် CCTV တပ်ဆင်ထားပါသလား။
သင့်လုပ်ငန်း ၊ သင့် မိသားစု လုံခြုံရေးအတွက် အိမ်တိုင်ရာရောက် ရှင်းပြ-တပ်ဆင်
HD CCTV SYSTEM


4Channel 250000 Ks
HD CCTV SYSTEM


8Channel 399000 Ks
မိုဘိုင်းဖုန်းမှတဆင့် ၂၄နာရီ အတွင်းတိုက်ရိုက်ကြည့်ရှုမှတ်တမ်းတင်နိုင်သည်။
2 Years Warranty
FREE SURVERY & ESTIMATE
Techno Eye CCTV SALE & SERVICES
Hot Line: 09 5069617, 09 428128782
# No.80,Daw Thein Tin Rd,Mingalar Taung Nyunt T/p, Yangon,Myanmar.Email:technoeye.mm@gmail.com, www.facebook.com/technoeyecomputer

Civil အင်ဂျင်နီယာများနှင့် ကျောင်းသားများအတွက် သင်တန်းများ
Etabs & Safe Structure Design
အထပ်မြင့်အဆောက်အဦးတစ်ခုလုံး၏ Super &Sub Structure Design ကို တွက်ချက်ဒီဇိုင်း ထုတ်လိုသူများအတွက်
4 Story (RC & Steel), 6 Story, 11 Story, Circular Block
QS ( Civil Estimate )
အဆောက်အဦးတစ်ခုလုံး၏ ကုန်ကျစရိတ်ကို အစအဆုံး တွက်ချက်လိုသူများအတွက်
Detail Measurement, Steel, Material & Labour Cost,PAE
ဆရာကောင်းမှ ကိုယ်တိုင် သင်ကြားပေးပြီး သင်တန်းသားဦးရေ ကန့်သတ်ထားသည်။
FEG သင်တန်းကျောင်း ဒုတိယထပ်၊ ၃၈ လမ်းဈေးပလာဇာ၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတား ဖုန်း- 09795926255, 0973225739 Facebook: FEG Civil Classes

Hawk Group
Sofa Settee (ဆိုဖာဆက်တီ) အကောင်းများကို မြန်မြန်ဝန်ဆောင်ပေးပါသည်။

မပြုပြင်မီ

ပြုပြင်ပြီး
☎ : 0943030930 , 09789444709

YGN အိမ်ခြံမြေ အကျိုးဆောင်
နိုင်ငံခြားသားများနေထိုင်ရန်အတွက် အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်း နှင့် Condo တိုက်ခန်းများ အမြန်ငှားလိုပါသည်။ 09-450039220,262626004













သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး




# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ညှော်စံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဒေါက်တာဝင်းမြင့် (ဥက္ကဋ္ဌ၊ မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်)၊ (အတွင်းရေးမှူး၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း)+
သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး **M.D (Myat Myittar Mon Co.,Ltd. & Sevices Co.,Ltd.)** တို့၏ဒုတိယသား

**မောင်ထွဋ်ခိုင်ဝင်း**

**B.E (E.C)**

**Director of Myat Myittar Mon Co.,Ltd.**

နှင့်

ရန်ကုန်မြို့နေ

**Capt:** ဦးသောင်းမြင့် + ဒေါ်စန်းစန်းမြ  တို့၏ သမီး

**ဒေါက်တာအေးငြိမ်းသူ**

**M.B.,B.S (Ygn)**

တို့၏ ၅. ၁၁. ၂၀၁၆ ရက် (စနေနေ့)တွင် **Melia Yangon Hotel, Inya Ballroom** ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်မေရီ (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်) နှင့် ဂုဏ်သရေရှိ အသိသက်သေလူကြီးမင်းများဖြစ်ကြသော ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်) (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)နှင့် ဇနီး ဒေါ်အေးအေးမော်၊ ဦးကြည်သာ (ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)နှင့် ဇနီး ဒေါ်မာမာအေး တို့အားလည်းကောင်း၊ ၁၂. ၁၁. ၂၀၁၆ ရက် (စနေနေ့)တွင် **Melia Yangon Hotel, Grand Ballroom** ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာစိန်ဆွဲကြိုး၊ ရွှေဆွဲကြိုးများ ဆင်မြန်းပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ မင်္ဂလာ လက်စွပ်ချီးမြှင့်ပေးပါသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီ တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီး သူရရွှေမန်း (ငြိမ်း) ပထမအကြိမ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးဒေါ်ခင်လေးသက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း) ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများ၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့် ပေးသောဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာရတု သီချင်းသီဆိုပေးသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့်၊တီးဝိုင်းနှင့် အကယ်ဒမီများရှင် ဦးရန်အောင်၊ အကယ်ဒမီများရှင် မေသန်းနု၊ အကယ်ဒမီများရှင် မို့မို့မြင့်အောင်၊ အကယ်ဒမီခိုင်သင်းကြည်၊ အကယ်ဒမီထွန်းအိန္ဒြာဗိုလ်နှင့် တေးသံရှင် Rဇာနည် တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မခင်ကြေးမှုံနှင့် မကြည်လဝန်းသာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင် ပေးပါသော Dr. အိအိမင်း၊ မင်္ဂလာစိန်ဆွဲကြိုးကိုင်ဆောင်ပေးပါသော ရုပ်ရှင်သရုပ်ဆောင် Dr. ပိုင်ဖြိုးသု၊ မင်္ဂလာရွှေဆွဲကြိုးကလပ်ကိုင်ဆောင်ပေးပါသော Dr. ဟန်နီတင်လှိုင်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင် ပေးပါသော မထူးထက်ထက်အောင်၊ မင်္ဂလာသတို့သားအရံ Dr. ဟန်ထွန်းဇော်နှင့် Dr. ကောင်းမြတ်နိုင်၊ မင်္ဂလာသတို့သမီးအရံ Dr. ဆုမြတ်သိင်္ဂီနှင့် မချမ်းမြေ့ကိုကို၊ မင်္ဂလာလက်ဝတ်ရတနာများ ပြုလုပ်ဖန်တီးပေးပါသော မြင့်မြင့်ကြူ (Myint Myint Kyu Jewellery)၊ မင်္ဂလာဝတ်စုံ Designer ကိုမင်းသက်စံ (Sweet & Smart Fashion Collection)၊ မိတ်ကပ်ဆံပင်ဖန်တီးပေးပါသော ဒီဇင်ဘာနှင်း နှင့်အဖွဲ့ ၊ ပန်းအလှပြင် Eternal Flowers Floral Service & Gift Shop ဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Ye' Htut Photography, Kulala Potography နှင့် Naing Lin Visual Arts ၊ မင်္ဂလာအခမ်းအနား အစီအစဉ်တာဝန်ခံ မအေးသာ (Signature Wedding Planning) နှင့် ဦးချိုကြီး (M.D Super Stars Model Agency)၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာပြင်ဆင်ပေးပါသော Melia Yangon Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သောသူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်

မောင်ထွဋ်ခိုင်ဝင်း+ဒေါက်တာအေးငြိမ်းသူ


vietjetAir.com
ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာများနဲ့
ဗီယက်နမ်နိုင်ငံသို့ ပျံသန်းလိုက်ကြရအောင်
ရန်ကုန် ✈ ဟိုချီမင်းမြို့
ပရိုမိုးရှင်းကာလ :
မနက် ၁၁နာရီခွဲ မှ
နေ့လည် ၁နာရီခွဲထိ
၂၃ နိုဝင်ဘာ မှ ၂၅ နိုဝင်ဘာ၊ ၂၀၁၆
www.vietjetair.com
ကျပ် မှစတင်ပြီး
0
Enjoy Flying!
ဝိုး.....Vietjet လေကြောင်းလိုင်းမှ နိုဝင်ဘာလ ၂၃ ရက် မှ ၂၅ ရက် အထိ မနက် ၁၁း၃၀ မှ နေ့လည် ၁း၃၀ အတွင်း ရန်ကုန် မှ ဟိုချီမင်း သို့ "0" ကျပ် မှစတင် တဲ့ ဈေးပေါင်း များ စွာသော ပရိုမိုးရှင်းလက်မှတ်များကို www.vietjetair.com တွင်ရယူနိုင်ပါပြီ။
ခရီးသွားရက်တွေ ကတော့ ၂၀၁၆ ဒီဇင်ဘာ ၁ ရက်နေ့ မှ ၂၀၁၇ ဒီဇင်ဘာ ၃၁ရက် နေ့ အထိ ဖြစ်ပါတယ်။
ဒါကြောင့်...သက်ဝင်လှုပတဲ့ ဟိုချီမင်းမြို့နှင့် ဗီယက်နမ်မှာရှိတဲ့ ရင်သပ်ရှုမောဖွယ် အလှအပတွေကို ရှာဖွေတွေ့ရှိဖို့ Vietjet နဲ့အတူပျံသန်းပြီး - ကမ္ဘာ့အကြီးဆုံး သဘာဝ လိုဏ်ဂူ Son Doong, နတ်ဘုံသဖွယ်လှပတဲ့ Ha Long Bay နှင့် Da Nang, Nha Trang, Phu Quoc အစရှိတဲ့ စိတ်လှုပ်ရှားဖွယ် လှပတဲ့ ကမ်းခြေတွေ ကို အလည် သွားကြည့်လိုက်ပါ။
Vietjet နဲ့အတူပျံသန်းဖို့ နေ့စဉ် promotion တွေကို www.vietjetair.com မှာ မနက် ၁၁း၃၀ မှ နေ့လည် ၁ း ၃၀ အတွင်း ဝင်ရောက်ကြည့်ရှုလိုက်ပါ
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
Mobile: https://m.vietjetair.com
Facebook: www.facebook.com/vietjetvietnam Tab " Booking"
AVIAREPS MYANMAR
အခန်းနံပါတ် ၀၁-၀၆ ၊ Yuzana Business Tower အမှတ်
၂၅ ၊ မွန်လမ်း၊ မြေနီကုန်းမြို့နယ် ရန်ကုန် မြန်မာ။
ဖုန်း - ၀၁ ၅၃၉ ၄၈၄
ဖက်စ် - ၀၁ ၅၃၉ ၄၈၄
Hotline - ၀၉ ၇၈၉ ၃၂၃၈၂၈
*စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များ ရှိပါသည်။
Hotline
19001886




DENKO

ဖွင့်လှစ်ပြီးဆိုင်ပေါင်း ၂၉ ဆိုင်

**ရန်ကုန်တိုင်း**
ဗဟန်း
အင်းစိန်
အောင်ဆန်း
လှည်းကူး
ကုန်းတလပေါင်

**ရှမ်းပြည်နယ်**
အောင်ပန်း
ကျောက်မဲ

**မွန်ပြည်နယ်**
မော်လမြိုင်
ကျိုက်ထို

**မကွေးတိုင်း**
ချောက်

**ပဲခူးတိုင်း**
ဖြူး (အမြန်လမ်း၁၁၅မိုင်)
ဘုရားကြီး

**နေပြည်တော်**
လယ်ဝေး
တပ်ကုန်း

**စစ်ကိုင်းတိုင်း**
ရွှေဘို
စစ်ကိုင်း
(အုန်းတောလမ်းခွဲအနီး)

**ကရင်ပြည်နယ်**
ဖားအံ
(သာစည်ရပ် /
လေဆိပ်လမ်းခွဲအနီး)

**မန္တလေးတိုင်း**
မတ္တရာ
မန္တလေး
(ရွှေကျင်ကျောင်းတိုက်ရှေ့)
မိတ္ထီလာ
ဝမ်းတွင်း
ညောင်ဦး
မန္တလေး(ကားကြီးဝင်း)
မန္တလေး
(ဂုစလမ်း / စင်စောမှုကွေ့)
မန္တလေး
(ကျောက်စိမ်းဘုရားအနီး)
တံတားဦး (ပန်းယျ)
မန္တလေး(သိပ္ပံလမ်း)
မန္တလေး
(ကမ်းနားလမ်းနှင့်
ကန်တော်ကြီးလမ်းထောင့်)
စဥ့်ကိုင်




* Denko Trading Company မှ ဓာတ်သုံးဆီများကို လက်လီလက်ကားဖြန့်ဖြူးရောင်းချရာတွင် Denko အမည်တံဆိပ်ဖြင့်သာ အမြဲရောင်းချပါသည်။

DENKO ဆီဆိုင်မှ အရည်အသွေးမြင့် ဓါတ်ဆီ၊ ဒီဇယ်များကို
ခေတ်မီစက်သစ်များဖြင့် ဆီအချိန်အတွယ်ပြည့်မီစွာ
နိုင်ငံတဝှမ်း ဝန်ဆောင်မှုပေးနေပါသည်။

ဆီလက္ကားဝယ်ယူနိုင်သည့်မြို့များ
ရန်ကုန်၊ ပြည်၊ စလေ၊ မင်းဘူး ဖုန်း - ၀၉ ၂၆၄၂၃၀၇၉၅၊ ၀၉ ၄၄၂၁၆၄၄၀၃
မန္တလေး၊ ပခုက္ကူ၊ မုံရွာ၊ ကသာ၊ ဖန်းမော် ဖုန်း - ၀၉ ၄၄၀၀၆၈၅၈၂၊ ၀၉ ၂၀၁၁၄၄၉

-Denkomyanmar/ www.denkomyanmar.com

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ကဝိန္ဒ မဟာထေရ်မြတ်**

**ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ ဩဝါဒါစရိယ**

**သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ ရတနာသိယ်ရွှေဘိုကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊ နာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ကဝိန္ဒ မဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) ၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့) ည ၉း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်) ၂၉-၁၁-၂၀၁၆ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**စျာပနဖြစ်မြောက်ရေးကော်မတီ**
**ရတနာသိယ်ရွှေဘိုကျောင်း**
**ဒေါင့်ကြီး**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာဒွါရ)**
**ကျေးဇူးတော်ရှင်တောင်တန်းသာသနာပြုဆရာတော်**

**ဘဒ္ဒန္တ ပဏ္ဍိစ္စ မဟာထေရ်မြတ်**

**သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၂)ရပ်ကွက်၊ (၅)လမ်း၊ ဇေယျနန္ဒာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်) ၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၅၂ နာရီတွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် မြောင်းမြမြို့၊ဇေယျနန္ဒာရုံကျောင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် စျာပနကျင်းပရေးကော်မတီ

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဒေါ်မီမီကို(မန္တလေး)**

**အသက်(၆၂)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၊ အမျိုးသမီးဆရာဝန်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာဒေါ်မီမီကိုသည် ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသမီးဆရာဝန်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဒေါ်မီမီကို(မန္တလေး)**

**အသက်(၆၂)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာဒေါ်မီမီကို သည် ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

---

## လွမ်းဆွတ်ကြေကွဲအမှတ်ရခြင်း

**ဆရာဝန်ကြီးဦးသန်းကျော် (၉-၄-၁၉၈၈)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဒုဆေးရုံအုပ်ကြီး၊(တစ်သီးပုဂ္ဂလအမတ်၊တစ်သီးပုဂ္ဂလအမတ်အဖွဲ့၊ ခေါင်းဆောင်ကြီး) (၁၉၆၀-၆၂ မြူနီစပါယ်ဥက္ကဋ္ဌ၊ ပျဉ်းမနား) ပျဉ်းမနားမြို့ဆေးရုံ၊ ဈေး၊ လမ်းများ စသည်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သူ၊ (ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံကြီး၏ဖခင်ကြီး)

**ဒေါ်ခင်ကြည် (၂၁-၁၁-၂၀၁၂)**

(ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကို ခင်ပွန်းနှင့်အတူ ၁၉၅၈ ခုနှစ်မတိုင်မီကတည်းက စတင်မတည်၊ တည်ထောင်ဆောက်လုပ်၊ ထောက်ပံ့၊ ပံ့ပိုးဆောင်ရွက်လှူဒါန်းခဲ့သူ) (စစ်အတွင်း စေတနာရှင်ဆရာမကြီး)

(ဘာသာ ပေါင်းစုံ၏ အလှူရှင်မယ်တော်ကြီး)

**ဒေါက်တာဦးဇော်ဝင်းကျော်**

**MR-JAMES T-G** (၁၀-၁၀-၁၉၉၇)

ပြည်နယ်နှင့်တိုင်းဆရာဝန်ကြီး

(ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကို ဖခင်နှင့်အတူ ကိုယ်ကျိုးစွန့် အနစ်နာခံကာ ဆောင်ရွက်ခဲ့သူ)

**တရားရုံးချုပ်ရှေ့နေ ဦးဇော်လင်းကျော်**

**Mr. Michael T-G** (၁၀-၆-၁၉၉၆)

ကျေးဇူးရှင်များ ကွယ်လွန်သွားခဲ့သော်လည်း ဘဝထဲမှာတော့ ထာဝရရှင်သန်လျက်ရှိပြီး **"လူသာသေသော်ငြား နာမည်ကမသေပြီ"** အစဉ်သတိရလွမ်းဆွတ်ကြေကွဲ အောက်မေ့လျက်ရှိပါသည်။ ပြည်တွင်းပြည်ပ၌ ယခင်၊ ယခု၊ နောင်အနာဂတ်တွင် ပြုသမျှကုသိုလ်ကောင်းမှုအစုစုတို့ကို လက်ခံရရှိ ခံစား နိုင်ပါစေ။

**"သမိုင်းမှတ်ကျောက်တွင်ခဲ့သော မိခင်၊ ဖခင်၊ အစ်ကို၊ မောင်တို့အား**

**အစဉ်ဂါရဝပြု ကျေးဇူးတင်လျက်ပါ"**

**ဒေါ်သင်းသင်းဂျော် တရားလွှတ်တော်ရှေ့နေ**

**Mr. MIYAHARA TAKUYA** (ခေတ္တမြန်မာပြည်)

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း) (တောင်သာ)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုန်ရပ်ကွက်၊ ရွှေတောင်ကြားရိပ်သာ(၁)၊ အမှတ် ၇၀(ပ)နေ (ဦးဘိုးသင်-ဒေါ်ဖြေ)တို့၏သား၊ (ဒေါ်တင်တင်အေး)၏ ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း) သည် ၁၅-၁၁-၂၀၁၆ရက် နံနက် ၇း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးချုပ်မြင့်စိုး (ငြိမ်း)**

**OTS (44)၊ ကပစ(၄) စက်ရုံမှူး(ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ခင်နှင်း (BE-Mining)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း) သည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**က-ပ-စ နာမူစောင့်ရှောက်ရေးအဖွဲ့**
**ရွှေပေါက်ကံ**

---

## ဖောင်းကြွပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7834 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

---

## ကျေးဇူးတင်လွှာ

**ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်ညွန့်ရီ(မော်လမြိုင်ကျွန်းမြို့) အသက်(၇၀)**

မိခင်ကြီးဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်ညွန့်ရီမကျန်းမာစဉ် ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သော Sakura Hospital မှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စျာပနအခမ်းအနားသို့ ကြွရောက်ပို့ဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေအပေါင်းအား လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါသည်။

**ဦးနေလင်း(Engineer, Pacific Drilling)-**
**Dr. အေးအေးမွန် (MD, Luxtron Co., Ltd.)**
**Dr.အောင်ထက်(AP,မေ့ဆေးပညာဌာန၊ YGH)-**
**Dr.မြတ်နွယ်နီဝင်း (သွားဘက်ဆိုင်ရာဌာန၊ YGH)**
**Dr.သက်သက်နွယ် (ဇီဝကမ္မဗေဒဌာန၊ UDMY)-**
**Dr.ဇော်လင်းမိုး (ဝိတိုရိယဆေးရုံ)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဇင်(ခ)Harry Kyee Myint**

**အသက်(၇၀)**

ယခင် ဒလသင်္ဘောကျင်း ရေကြောင်းပညာသင်အင်ဂျင်နီယာဟောင်း သူငယ်ချင်း ဦးကျော်ဇင် မမျှော်လင့်ဘဲ ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး (လှိုင်သာယာ)၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒလသင်္ဘောကျင်း ရေကြောင်းပညာသင် အင်ဂျင်နီယာဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရန်အောင်**

**ဧည့်လမ်းညွှန် (အင်္ဂလိပ်-စပိန်)**

**အသက် (၄၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၂၈)နေ ဦးရန်အောင်သည် ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**
**တိုးမန္တလေး ကုမ္ပဏီလီမိတက်**

---

## အိမ်ရောင်းမည် (20x60) 2RC

တောင်ဥက္ကလာပ၊ စာတိုက်လမ်းဆုံ

သုမင်္ဂလာလမ်းမပေါ်၊ စာတိုက်ဘေးကပ်

**ဖုန်း-၀၉၇၈၃၆၆၅၅၂၉**
**ဖုန်း-၀၉၄၅၀၀၆၅၅၂၉**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၂၄၁၇ ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)**

**အသက်(၇၀)**

**OTS (44)**

**စက်ရုံမှူး(ငြိမ်း) ကပစ(၄)**

ရန်ကုန်မြို့နေ (ဦးသိမ်းထူး-ဒေါ်ခင်မိမိ)တို့၏သား၊ မန္တလေးမြို့နေ (ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ခင်ခင်နှင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်နှင့်**
**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း/၁၂၄၁၇ ဗိုလ်မှူးချုပ်မြင့်စိုး (ငြိမ်း)**

**အသက်(၇၀)**

**OTS (44)**

**စက်ရုံမှူး(ငြိမ်း)၊ ကပစ(၄)**

ရန်ကုန်မြို့နေ (ဦးသိမ်းထူး-ဒေါ်ခင်မိမိ)တို့၏ သား၊ မန္တလေးမြို့နေ (ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်ခင်နှင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၁၆ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၄)မှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

---

## (၄)နှစ်ပြည့်သတိရလွမ်းဆွတ်ခြင်းနှင့်မေတ္တာပို့အမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်မှူးကြီးမြဦး(ငြိမ်း)**

**အသက်(၇၉)နှစ်**

**ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ငြိမ်း)**

**(ရန်ကုန်မြောက်ပိုင်းခရိုင်)**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၁-၁၁-၂၀၁၆ ရက်တွင် ၄ နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ကျေးဇူးရှင်ဖခင်ကြီးအတွက် ရည်စူး၍ သိမ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ခံပုဂံဘုရားများအတွက်လှူဒါန်းခြင်း၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်ရှိ သံဃာအပါး(၁၃၀)ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိသားစု၏နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအတွက် ဖခင်ကြီးရောက်ရာဘုံဝမှ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ဖခင်ကြီး အမျှ---အမျှ---အမျှ

**ဇနီး-ဒေါ်တင်မေနှင့် သား၊ သမီး၊ မြေးတစ်စု**

---

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မြေ၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
**ငြိမ်းချမ်းရေးကျောင်းတိုက်ကြီး၏ ရာသက်ပန်ဥက္ကဋ္ဌကြီး**

**ဦးတိုးမောင်(အုန်းသီးပွဲရုံ၊ ပဲခူးမြို့) (၉၆)နှစ်**

၁၁-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးတိုးမောင် နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်စောင့်ရှောက်ကုသပေးခဲ့ကြသော သမားတော်ကြီးနှင့် ဗဟိုရ်ရိစည်အထူးကုဆေးရုံကြီးမှ တာဝန်ကျဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ နာရေးနှင့် စျာပနအခမ်းအနားကို လူကိုယ်တိုင်လာရောက်ကြသူများ၊ ကူညီဆောင်ရွက်ပေးကြသူများကို လည်းကောင်း၊ နေအိမ်သို့လာရောက်အားပေးပြီး သက်နံ့ပရိက္ခရာများ၊ လှူဖွယ်ဝတ္ထုများ၊ အစားအသောက်များ လာရောက်လှူဒါန်းကြသူများအားလည်းကောင်း၊ သုခဒါယီ နာရေးကူညီမှုအသင်း(ပဲခူး) အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးချစ်အောင်**

**အသက်(၇၂)နှစ်**

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန**

ဆရာလို-အစ်ကိုလို လေးစားချစ်ခင်ရပါသော အစ်ကိုကြီး ဦးချစ်အောင်ရေ--- ၁၉၇၆ ခုနှစ်၊ အလုပ်သင်ကာလမှာ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များကို သင်တန်းမှူးချုပ်အဖြစ် သွန်သင်ပို့ချခဲ့သော အစ်ကိုဆရာတစ်ယောက် ကွယ်လွန်သွားသည့်အတွက် နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ကြေး/မြေ (၁၅၀)အရာရှိညီငယ်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောမိုးဝင်း**

**အသက် (၄၇)နှစ်**

သူငယ်ချင်း ဦးသန်းထိုက်ဝင်း (AAPP)၏ညီ ဦးစောမိုးဝင်းသည် ၁၈-၁၁-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ ၁၉၇၂-၈၂**
**အထက(၄)၊ ပုဇွန်တောင်**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

**တက္ကသိုလ်များ–မန္တလေး (မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ မန္တလာဒီဂရီကောလိပ်၊ ညနေသင်တန်း)**

**ရူပဗေဒကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲ နိုးဆော်လွှာ**

တက္ကသိုလ်များ–မန္တလေး ရူပဗေဒ ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲအခမ်းအနားကို ၂၁.၁၂.၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၃)နာရီတွင် လမ်း၈၀၊ ၃၀–၃၂လမ်းကြား၊ ယူနန်ဘုံကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေ ထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးရှိ ရူပဗေဒ ဌာနမှူးများနှင့် အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးရဲထွဋ် | Ph: 09-2003819 | ၉။ ဦးစိုးထွန်းအောင် | Ph: 09-256118755 | ၁၇။ Dr.တင်တင်သိန်း(စစ်ကိုင်း) | Ph: 09-974289216 |
| ၂။ ဦးစိုးဝင်း | Ph: 09-2035493 | ၁၀။ ဦးငြိမ်းသူ | Ph: 09-2050189 | ၁၈။ Dr.သီဂီငွေး(ရွှေဘို) | Ph: 09-2001391 |
| ၃။ ဦးတင်ကိုကိုကြီး | Ph: 09-2004747 | ၁၁။ ဦးချမ်းသာ | Ph: 09-975110193 | ၁၉။ Dr.ခင်စန်းရီ(ဖွံ့ဖြိုးရေးကျောင်း) | Ph: 09-444028809 |
| ၄။ ဦးတင်မောင်ထွေး | Ph: 09-91042804 | ၁၂။ Dr.ခင်ဝင်းမူ | Ph: 09-5182801 | ၂၀။ Dr.ပြုံးရီ(အဝေးသင်) | Ph: 09-2017320 |
| ၅။ ဦးကျော်ခဲ | Ph: 09-2002836 | ၁၃။ Dr.ခင်သန်းငွေ | Ph: 09-787829200 | ၂၁။ Dr.ခင်ပုလဲ(ရတနာပုံ) | Ph: 09-402575695 |
| ၆။ ဦးကျော်ကြည်မင်း | Ph: 09-2020121 | ၁၄။ Dr.စိုးမြင့်အေး(မန္တလေး) | Ph: 09-2014903 | ၂၂။ Dr.ကေသီအောင် (ရတနာပုံ) | Ph: 09-5102012 |
| ၇။ ဦးကိုကိုလွင် | Ph: 09-442028099 | ၁၅။ Dr.အေးအေးဝင်းကြည်(တောင်ကြီး) | Ph: 09-458041685 | ၂၃။ Dr.သီတာဦး(မန္တလေး) | Ph: 09-797119605 |
| ၈။ ဦးကျော်ငြိမ်းအောင် | Ph: 09-2005761 | ၁၆။ Dr.ခင်သက်ကျော်(ရတနာပုံ) | Ph: 09-421710993 | ၂၄။ Dr.ခင်မြင့်မော်(လားရှိုး) | Ph: 09-259063677 |

